# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၁၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၅၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကန့်ဘလူမြို့နယ်၌ မိုးစပါး ၁၄၀၅၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးဆောင်ရွက်မည်



ကန့်ဘလူ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၀၅၁၄ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားပြီး စပါးထုတ်လုပ်မှု တိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အကောင်အထည်ဖော်ဆောင်ရွက်သွားမည်**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် တစ်ဧက အထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ တွန်းအားပေး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးဇော်ထံမှ သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

**ယနေ့** *ဖတ်စရာ*


မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆီသို့ (၄) — ဆောင်းပါး စာ ၁၀



စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၈၆၀ ဖြစ် — ပြည်တွင်းသတင်း စာ ၄

ဂိမ်းနွံအတွင်းက ထောက်ပို့ကလစ်ကာများ — ဆောင်းပါး စာ ၁၆

အောင်ဘာလေသိန်းဆုထိ နည်းလမ်းသုံးမျိုးဖြင့် ကံစမ်းနိုင်ပါပြီ — ဆောင်းပါး စာ ၁၈

မြန်မာ့အလင်း

## ပလတ်စတစ်အိတ်များ မသုံးခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်

မြို့နယ်အချို့တို့တွင် အပတ်စဉ် ပလတ်စတစ်အိတ် မသုံးစွဲရနေ့ သတ်မှတ်၍ အသိပညာပေးမှုများ ပြုလုပ်နေကြသည်။ အထူးသဖြင့် ဈေးများတွင် သားငါး၊ ဟင်းသီးဟင်းရွက်၊ စားသောက်ဖွယ်ရာများ စသည်တို့ ရောင်းချရာတွင် အရပ်ခေါ် ကြွပ်ကြွပ်အိတ် (တစ်ခါသုံးပလတ်စတစ်အိတ်)များဖြင့် ထုပ်ပိုးထည့်သွင်းပေးမည့် အစား ငှက်ပျောဖက်၊ ကြာဖက်၊ အင်ဖက်၊ စက္ကူ စသည်တို့ အစားထိုးသုံးစွဲရန် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

စွန့်ပစ်ပလတ်စတစ်အမှိုက်များ၏ အန္တရာယ်ကြီးမားမှုကို သတိပြုမိလာကြပြီးနောက် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုခန့်မှစကာ ကမ္ဘာ့နိုင်ငံများစွာတို့တွင် တစ်ခါသုံးပလတ်စတစ် ထုပ်ပိုးပစ္စည်းများ လုံးဝပိတ်ပင်မှု၊ တစ်စိတ်တစ်ပိုင်းပိတ်ပင်မှု၊ အခွန်တိုးမြှင့်ကောက်ခံကန့်သတ်မှုများ ပြုလုပ်လာခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းလုံးက တစ်မိနစ်တိုင်းတွင် ပလတ်စတစ်အိတ် တစ်သန်းသုံးစွဲနေကြပြီး တစ်နှစ်လျှင် ပလတ်စတစ်အိတ်ပေါင်း ၅၀၀ ဘီလီယံမှ ၁ ထရီလီယံအထိ သုံးစွဲစွန့်ပစ်နေကြခြင်းဖြစ်သည်။ စွန့်ပစ်ပလတ်စတစ်၏ ရာခိုင်နှုန်းအနည်းငယ်ကိုသာ ပြန်လည်ထုတ်လုပ်သုံးစွဲနိုင်ကြပြီး အများစုမှာ ပလတ်စတစ်အမှိုက်များအဖြစ်နှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းနေစေသည့်အတွက် ကမ္ဘာတစ်ဝန်းလုံးတွင် ပလတ်စတစ်အမှိုက်ပြဿနာကို အလေးအနက်ထား ဆောင်ရွက်လာကြခြင်းလည်းဖြစ်သည်။

တောင်စွန်ဖက်၊ အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ စက္ကူ စသည့်ထုပ်ပိုးပစ္စည်းများကို အသုံးပြု၍ သားငါး၊ ဟင်းသီးဟင်းရွက်များ၊ ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော် စသည့် စားသောက်ဖွယ်ရာများကို ထုပ်ပိုးပေးခြင်း၊ ဈေးသွားရာတွင် ဈေးဆွဲခြင်း၊ ချိုင့် စသည့်ထည့်စရာများ ယူဆောင်သွားခြင်း စသည်တို့မှာ ကြွပ်ကြွပ်အိတ်များ မသုံးစွဲခဲ့ကြသည့်ကာလက ဈေးရောင်းသူ၊ ဈေးဝယ်သူတို့၏ အစဉ်အလာဓလေ့များပင် ဖြစ်သည်။ တစ်ခါသုံး ပလတ်စတစ်အိတ်များ သုံးစွဲခြင်းမရှိခဲ့သဖြင့် အကျည်းတန်သော ပလတ်စတစ်အမှိုက်များ စုပုံနေခြင်း၊ လေလွင့်နေခြင်း၊ ရေမြောင်းများတွင် ပိတ်ဆို့နေခြင်းတို့လည်း ကင်းစင်သည်။ ပူသည့်စားသောက်ဖွယ်ရာများကို ပလတ်စတစ်အိတ်များတွင် ထည့်သွင်းရောင်းချခြင်းကလည်း စားသုံးသူတို့အတွက် အန္တရာယ်ကြီးသည်။ အပူကြောင့် ပလတ်စတစ်မှ ဓာတ်ပြု၍ထွက်လာသည့် ဓာတုပစ္စည်းက ကင်ဆာ၊ ကျောက်ကပ် စသည်ဖြင့် လူတို့ကျန်းမာရေးကို ရေရှည်တွင် ထိခိုက်နိုင်သည်ဟု ပညာရှင်တို့က သတိပေးနေကြသည်ကိုလည်း ဂရုပြုမိကြဖို့လိုသည်။

ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးမှုနှင့် တစ်ပတ်လျှင် တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် သတ်မှတ်ကာ ပလတ်စတစ်အိတ်မသုံးစွဲရေး စစ်ဆေးဆောင်ရွက်မှုတို့က ရေရှည်တွင် ဥပဒေပြဋ္ဌာန်း၍ ပိတ်ပင်တားဆီးမှု၊ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများ၊ ကုန်ကြမ်းများတင်သွင်းမှု၊ ထုတ်လုပ်မှု၊ သုံးစွဲမှု၊ စွန့်ပစ်မှုတို့အတွက် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနည်းတူ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပလတ်စတစ်အစားထိုး ထုပ်ပိုးပစ္စည်းများ ထုတ်လုပ်သုံးစွဲရေးအတွက် အားပေးဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ သယံဇာတအရင်းအမြစ်များကို ဖြုန်းတီးရာရောက်သည့် တစ်ခါသုံးပစ္စည်းများ သုံးစွဲကြသည့် အလေ့အထများကိုလည်း ပြုပြင်ပြောင်းလဲသွားကြရမည် ဖြစ်သည်။

ပလတ်စတစ်အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြသောကြောင့် နိုင်ငံ၏ အဓိက ကျောရိုးကြီးသဖွယ်ဖြစ်သော ဧရာဝတီမြစ်ကြီးသည် ညစ်ညမ်းစာရင်းဝင် မြစ်ကြီးဖြစ်နေပြီး မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများသည်လည်းကောင်း၊ အဏ္ဏဝါရေပြင်တို့တွင်လည်းကောင်း ပလတ်စတစ်ညစ်ညမ်းမှုများ ဖြစ်ပေါ်နေပြီဖြစ်သည်။ သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့်အတူ ထုတ်လုပ်မှုလျှော့ချရေး၊ တစ်ခါသုံး ပလတ်စတစ်အစားထိုး ထုပ်ပိုးပစ္စည်းများ ပြောင်းလဲထုတ်လုပ်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်ကို ကျေပွန်ကြရပါမည့်အကြောင်း။ ။

## ဆေးကဝတီ ဗုဒ္ဓတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပ




**နေပြည်တော် ဇွန် ၁၈**

ဆေးကဝတီ ဗုဒ္ဓတက္ကသိုလ်၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၂) ရပ်ကွက်ရှိ ဆေးကဝတီဗုဒ္ဓတက္ကသိုလ် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိ သီလရှင်စာသင်တိုက်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး၏ ဒုတိယအဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ပင့်သံဃာတော်များ၊ ဆေးကဝတီဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဆေးကဝတီ၊ ဘွဲ့ရ သီလရှင်ဆရာလေးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

**သြဝါဒကထာနာယူ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဝိနယာလင်္ကာရထံမှ သမ္မောဒနီယ သြဝါဒကထာကို နာယူကြသည်။

**အောင်လက်မှတ်ချီးမြှင့်ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆေးကဝတီဗုဒ္ဓတက္ကသိုလ် မော်ကွန်းထိန်းဆရာတော်က BA (Buddhist Studies) ဘွဲ့တော်ယူမည့် ဆရာလေးများအား ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်ထံ ဘွဲ့တော်ခံယူစေကာ ဗုဒ္ဓဘာသာဆိုင်ရာ ဒီပလိုမာ(Diploma Buddhist Studies)တန်းကို အောင်မြင်တော်မူကြသော သီလရှင်ဆရာလေးများအား အောင်လက်မှတ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## 6th China International Import Expo (CIIE) ၌ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များပါဝင် ပြသနိုင်မည်

**ရန်ကုန် ဇွန် ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည့် 6th China International Import Expo (CIIE) ပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက် ပြသနိုင်ကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံ၏ အရည်အသွေးမြင့်ထုတ်ကုန်များ တရုတ်နိုင်ငံသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးနှင့် ဝင်ငွေများ တိုးမြှင့်နိုင်ရေး ရည်ရွယ်၍ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအတွက် တစ်ဦးလျှင်ပြခန်း လေးခန်းစီကို အခမဲ့ ပံ့ပိုးကူညီပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ လက်ဖက်အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း မြန်မာနိုင်ငံကော်ဖီအသင်း မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ Korea TASK Project တွင် ပါဝင်သော ကုမ္ပဏီများအတွက် ပြခန်းတစ်ခန်းစီ ခွဲဝေသတ်မှတ်ပေးသွားမည်ဖြစ်သည်။

ပြပွဲသို့ ပါဝင်တက်ရောက်ပြသရန် စိတ်ပါဝင်စားသည့် ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းသားများ၊ ညီနောင်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဖုန်း ၀၆၇-၃၄၀၈၆၂၂၊ Email: event.td.myantrade@gmail.com သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ ပါဝင်ပြသမည်ဆိုပါက Registration Form: https://rb.gy/5vvol တွင် ပြည့်စုံစွာဖြည့်စွက်၍ အလျင်အမြန် အမည်စာရင်းပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## မာန်အောင်မြို့၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့နှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်



**မာန်အောင် ဇွန် ၁၈**

ရခိုင်ပြည်နယ် မာန်အောင်မြို့၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီကာလတွင် RS to CS မျိုးစေ့ထုတ်စိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးမည့်တောင်သူများကို စပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲနှင့် ကွင်းလက်တွေ့မျိုးစေ့ချ သရုပ်ပြပွဲကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးခန်းမနှင့် ခအုန်းမော်ရွာသစ်ကျေးရွာတောင်သူ ဦးမောင်သိန်း လယ်ကွက်၌ ပြုလုပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းစောက မိုးစပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရခြင်း ရှင်းလင်းပြောကြားကာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုးစပါးတွင် RS to CS မျိုးစေ့ထုတ်စိုက်ခင်းဧက ၁၀၀ စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများကို ဆင်းသုခ မျိုးကောင်းမျိုးသန့် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။ (ဓါတ်ပုံ)

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခအုန်းမော်ရွာသစ်ကျေးရွာမှ တောင်သူ ဦးမောင်သိန်း၏ လယ်ကွက်၌ မျိုးစေ့ထုတ်လုပ်ရန် သုံးဧကအတွက် ပျိုးခင်းမျိုးစေ့ချ သရုပ်ပြသနေမှုကို ကြည့်ရှုကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စားရေရိက္ခာများ ဖြန့်ဖြူးရာတွင် အမှန်တကယ်လိုအပ်ချက်ရှိသော နေရာဒေသများရှိ ဘေးဒဏ်သင့်ပြည်သူများထံသို့ ဦးစားပေးအစီအစဉ်ဖြင့် စနစ်တကျဖြန့်ခွဲနိုင်ရေး စီမံဆောင်ရွက်

**စစ်တွေ ဇွန် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုနှင့် နည်းပညာတက္ကသိုလ် (စစ်တွေ)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် ဝိရူပက္ခနှင့် MV ROYAL VENUS သင်္ဘောဆိုက်ရောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်သွားကြရန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နည်းပညာတက္ကသိုလ်(စစ်တွေ)သို့ သွားရောက်ရာ စစ်တွေမြို့ ဇန္ဒုလအဝိုင်းမှ နည်းပညာတက္ကသိုလ်(စစ်တွေ)အထိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လျှပ်စစ်ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ နည်းပညာတက္ကသိုလ် (စစ်တွေ)ရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့်အဆောက်အဦများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုမရှိအောင် ရွှေ့ပြောင်းထားရှိသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် နည်းပညာတက္ကသိုလ်(စစ်တွေ) သို့ရောက်ရှိရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စာသင်ဆောင်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နည်းပညာတက္ကသိုလ် (စစ်တွေ)ရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့်အဆောက်အဦများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုမရှိအောင် ရွှေ့ပြောင်းထားရှိသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားများ လက်တွေ့သင်ကြားပို့ချချိန်တွင် အသင့်ဖြစ်စေရေး စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် စက်ပစ္စည်းများ ကောင်းမွန်စေရေးအတွက် ပုံမှန်စစ်ဆေးထားရှိရေး လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မဟာအောင်မြေ ဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းသို့ရောက်ရှိပြီး အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပရိယတ္တိသာသနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာအရိယဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများက ထောက်ပံ့ရေးပစ္စည်းများထပ်မံရောက်ရှိမှု၊ ဖြန့်ခွဲသွားမည့်အခြေအနေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု ကင်းစင်ပပျောက်ရေးစနစ်တကျ စီမံဆောင်ရွက်သွားရန်၊ စားရေရိက္ခာများ ဖြန့်ဖြူးရာတွင် အမှန်တကယ်လိုအပ်ချက်ရှိသော နေရာဒေသများရှိ ဘေးဒဏ်သင့်ပြည်သူများထံသို့ ဦးစားပေးအစီအစဉ်ဖြင့် စနစ်တကျဖြန့်ခွဲ နိုင်ရေး စီမံဆောင်ရွက်ရန်၊ ထောက်ပံ့ရေးပစ္စည်းများ အတင်အချနှင့် ပို့ဆောင်ဖြန့်ခွဲရာတွင် အချိန်ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်သွားရန်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်ရေးနှင့်လုပ်ငန်းများ လျင်လျင်မြန်မြန် ပြီးစီးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပရိယတ္တိသာသနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာအရိယဝံသအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၈**

အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်း ပြန်လည်လည်ပတ်နိုင်ရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံရည်ကျိုမီးဖိုအမှတ်(၂)နှင့် အရွယ်စုံသံမဏိပြားများထုတ်လုပ်မည့် (Phase-2)၊ ရောင်စုံအမိုးပြားနှင့် သွပ်အမိုးပြားများထုတ်လုပ်မည့် (Phase-2A) တို့ကို ပြန်လည် လည်ပတ်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သဖြင့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်၊ ကုန်ကျစရိတ်၊ ပြီးစီးမည့်အချိန်နှင့် အရည်အသွေး (Work Scope, Cost, Time, Quality) တို့ကို လုပ်ငန်းစဉ်အလိုက် စီမံကိန်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စီမံကိန်းလုပ်ငန်းများဆက်လက်ဆောင်ရွက်နေစဉ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဝယ်ယူဖြည့်ဆည်းထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို သံရည်ကျိုမီးဖိုအမှတ်(၁) ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်သုံးသပ်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက်လည်း ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

ယခု ဆက်လက်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုတင်တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေး၊ ကျွမ်းကျင်မှုနှင့် နည်းပညာ၊ ဥပဒေ၊ နည်းဥပဒေ၊ စီးပွားရေး စသည့်ရှုထောင့်ပေါင်းစုံမှ ကြည့်ရှုလေ့လာ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးများစွာ စိုက်ထုတ်သုံးစွဲခဲ့သဖြင့် စီမံကိန်းလုပ်ငန်းများအောင်မြင်အောင် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအပေါ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ စာချုပ်ပါအချက်အလက်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကိုလည်းကောင်း၊ စက်ရုံတာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Phase-2, Phase-2A တို့တွင် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် တပ်ဆင်ရန်ကျန်ရှိမှုအခြေအနေ၊ အမိုးအကာပြင်ပမှ စက်ပစ္စည်းများ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိမှု အခြေအနေနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၆ ဒသမ ၁၈ လက်မ၊ ရွှေကျင်မြို့တွင် ၅ ဒသမ ၇၄ လက်မ၊ သိမ်ဇရပ်မြို့တွင် ၄ ဒသမ ၀၂ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကျိုက္ကမီမြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၇၂ လက်မစီ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ခနောင်ဖြူမြို့တွင် ၂ ဒသမ ၄၇ လက်မနှင့် ထားဝယ်မြို့တွင် ၂ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၈၆၀ ဖြစ်

**နေပြည်တော် ဇွန် ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၁၉ ရက်မှ ဇွန် ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၈၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း Myanmar Media Development Center နှင့် CMB Films Myanmar Co.,Ltd တို့ကို သွားရောက် ကြည့်ရှုလေ့လာ

**ရန်ကုန်  ဇွန်  ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ Forever Group Holding.,Ltd ၏ ဌာနခွဲဖြစ်သည့် Myanmar Media Development Center နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၇) ရပ်ကွက်ရှိ CMB Films Myanmar Co.,Ltd တို့သို့ သွားရောက်ကြည့်ရှုသည်။

**လိုက်လံရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် Myanmar Media Development Center သို့ ရောက်ရှိပြီး ရုပ်သံဇာတ်လမ်းတွဲများ ရိုက်ကူးရန် စက်တင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စတူဒီယိုအဆောက်အဦများ ပြန်လည်ပြင်ဆင်မွမ်းမံမှုတို့ကို ကြည့်ရှုရာ Forever Group Holding.,Ltd မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် CMB Films Myanmar Co.,Ltd သို့ ရောက်ရှိပြီး ရိုက်ကူးရေးလုပ်ငန်းတွင် အသုံးပြုသည့် စက်ကိရိယာပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် CMB Films Myanmar Co.,Ltd ရုံးစတူဒီယိုတွင် ကျင်းပပြုလုပ်သည့် New Talents Training အမှတ်စဉ် (၇)သင်တန်းဆင်းပွဲနှင့် သင်တန်းအောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ရိုးသားကြိုးစားစွာဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ CMB Films Myanmar Co.,Ltd ရုံးစတူဒီယိုတွင် နိုင်ငံတကာအဆင့်မီ အနုပညာဆိုင်ရာ စက်ကိရိယာပစ္စည်းများကို ယနေ့ ကြည့်ရှုလေ့လာခဲ့ပါကြောင်း၊ အနုပညာသည် လူအများကို ဖမ်းစားနိုင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး မိမိအနေဖြင့် အနုပညာ၏ တန်ဖိုးကို လေးစားတန်ဖိုးထားပါကြောင်း၊ အနုပညာရှင်တစ်ယောက်ဖြစ်ရန် မလွယ်ကူပါကြောင်း၊ မိမိအနေဖြင့် အနုပညာရှင်မဟုတ်သော်လည်း အနုပညာရှင်များ၏ သဘောသဘာဝကို နားလည်ပါကြောင်း၊ ရင်းနှီးခင်မင်သူ အနုပညာရှင်အများအပြားလည်း ရှိပါကြောင်း၊ ယနေ့သင်တန်းဆင်းပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအနေဖြင့် အနုပညာလမ်းကို လျှောက်လှမ်းကြမည်ဟု သိရသည့်အတွက် ဝမ်းသာကြည်နူး ဖြစ်ရပါကြောင်း၊ အနုပညာလုပ်ငန်းများကို ပြည်သူအတွက် ကျေပွန်စွာ ရိုးသားကြိုးစားစွာဆောင်ရွက်သွားကြစေလိုပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် အနာဂတ် အိပ်မက်များကို အကောင်အထည်ဖော်နိုင်ပါစေကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း New Talents Training အမှတ်စဉ် (၇) သင်တန်းဆင်းပွဲနှင့် သင်တန်းအောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သရုပ်ဆောင်အသစ် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

Forever Group Holding.,Ltd ၏ ဌာနခွဲဖြစ်သည့် Myanmar Media Development Center နှင့် CMB Films Myanmar Co.,Ltd တို့က သရုပ်ဆောင်အသစ်များကို မွေးထုတ်ပေးလျက်ရှိရာ ယနေ့ကျင်းပပြုလုပ်သည့် သင်တန်းသည် (၇)ကြိမ်မြောက်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၄ဦးတက်ရောက်ခဲ့ကြောင်း၊ သင်တန်း တက်ရောက်နေစဉ်အတွင်း သင်တန်းသား သင်တန်းသူများ၏ နေထိုင်စားသောက်စရိတ်များကို ကုမ္ပဏီက အခမဲ့ ကျခံပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံလှကျေးရွာအနီး မွေးမြူရေးဇုန် တည်ထောင်မည်

**နေပြည်တော်  ဇွန်  ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၆ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကံလှကျေးရွာအနီး မွေးမြူရေးဇုန် တည်ထောင်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ရေရရှိရေး၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးနိုင်မှုနှင့် ခြံလှောင်စနစ်ဖြင့် မွေးမြူနိုင်ရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်မှုများ၊ တစ်အုပ်တစ်မ မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူထုတ်လုပ်ခြင်းအထိ မျှော်မှန်းပြီး စနစ်တကျဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးအသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ (သဖန်းခြံ) ၏ ဒေသမျိုးဆိတ်များနှင့် နိုင်ငံခြားမျိုးဆိတ်များ မျိုးထိန်းခြင်း၊ မျိုးပွားခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ **(အပေါ်ယာပုံ)** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆိတ်မျိုးသစ် ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက တိရစ္ဆာန်မျိုးကောင်း မျိုးသန့်များ ပွားများဖြန့်ဖြူးခြင်းလုပ်ငန်းနှင့်အတူ အစာကျွေးမွေးမှုစနစ်၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာနည်းပညာ အသိပညာပေးလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ရန်ဆွေးနွေးမှာကြားပြီး ဘိုဝါဆိတ်ခြံ၊ ထိန်စမ်းဆိတ်ခြံနှင့် သိုးခြံများ ရေရရှိရေးအတွက် တည်ဆောက်ပြီး ရေကန်များ၊ ထပ်မံတည်ဆောက်မည့် ကန်အမှတ်(၃) မြေနေရာနှင့် ဆိုလာစနစ်ဖြင့် နေပီယာမြက်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံတွင် မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ နို့စားနွား မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေးဆောင်ရွက်ခြင်း စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အစားအစာ ဘေးကင်းလုံခြုံရေးအလေးထား ဆောင်ရွက်ရန်၊ သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး ဒေသတွင်းကူးစက်ရောဂါများကို စဉ်ဆက်မပြတ် စောင့်ကြည့်၍ ကြိုတင်ကာကွယ်ရန်တို့ကို ဆွေးနွေးမှာကြားပြီး နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။

**လိုအပ်ချက်များ ဆွေးနွေးမှာကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများနှင့် တွေ့ဆုံ၍ စိုက်ပျိုးစွမ်းအား မြင့်မားလာစေရေးအတွက် စီမံဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ စက်မှုလယ်ယာဇဟိုသင်တန်းကျောင်း၏ လယ်ယာသုံးစက်ကိရိယာ ကျွမ်းကျင်မှုသင်တန်းများနှင့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး)သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်သူများ အသားစားသုံးမှုတိုးတက်ပြီး အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်စွာ ရှင်သန်နိုင်ရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင် မွေးမြူရေးဇုန်များ တည်ထောင်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အစိုးရအဖွဲ့များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ရွှေဖုံးမှ***

ကန့်ဘလူမြို့နယ်အတွင်း၌ စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဆည်ရေကိုအကျိုးရှိစွာ အသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများလျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ပေါင်းစပ်ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ တောင်သူများအား စိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာများ ဟောပြောခြင်း စသည့်စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ကွင်းအလိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။ တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကန့်ဘလူမြို့နယ်တွင် နည်းပညာ ပြန့်ပွားရေးစင်တာများဖြစ်သော ကန့်ဘလူမြို့မ၊ ဇီးကုန်း၊ ကာဘို၊ သရက်ကောင်း၊ ထန်းကုန်း၊ တည်ပင်၊ ချပ်သင်း၊ ကိုးထောင်ဘို့နှင့် မလယ်စင်တာများတွင် ကွင်းပညာရှင်များက ဝန်ဆောင်မှုပေးလျက်ရှိပြီး နည်းပညာများ ရယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိ

**ပဲခူး ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဇွန် ၁၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာ ဈေးရုံကြီးရှေ့၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာဈေးရုံကြီးရှေ့၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဈေးဝယ်သူများ၊ ဈေးရောင်းချနေသူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသခံပြည်သူများ သက်သာသောနှုန်းထားဖြင့် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများမှ ရောင်းချပေးသည့် ဈေးဆိုင်များကို အမိုးအကာများဖြင့် စနစ်တကျ ရောင်းချပေးနိုင်ရေး ဆောင်ရွက်ရန်၊ နေ့စဉ်သက်သာသောနှုန်းထားဖြင့် ရောင်းချပေးနေမှုကို ရပ်ကွက်/ ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်ရန်၊ ဈေးနှုန်းသက်သာမှုနှင့် သန့်ရှင်းလတ်ဆတ်မှုကို တာဝန်ရှိသူ အဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ရန်၊ အမှိုက်များစနစ်တကျ သိမ်းဆည်းရန်နှင့် ဒေသထွက်ကုန်များ နေ့စဉ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ပဲခူးမြို့တွင် ဇွန် ၁၇ ရက်မှစ၍ နေ့စဉ်ရောင်းချလျက်ရှိပြီး ကျန်မြို့နယ် ၂၇ မြို့နယ်ရှိ မြို့မဈေးများတွင် နေ့စဉ်ဒေသထွက် ဆန်၊ ဆီ၊ ငါး၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနှင့် ဟင်းသီးဟင်းရွက်



များကို လက်လီအဆင့်ဆင့်မရှိဘဲ ဒေသခံပြည်သူများ သက်သာသောနှုန်းထားဖြင့် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများမှ တိုက်ရိုက်ရောင်းချပေးခြင်းဖြစ်၍ ပြင်ပဈေးနှုန်းထက် များစွာ လျော့နည်းသဖြင့် ဈေးဝယ်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မုံရွာမြို့၌ ပလတ်စတစ်အမှိုက်များ ကင်းစင်စေရေး အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလှုပ်ရှားမှုဆောင်ရွက်

**မုံရွာ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသပ်ရပ်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ပလတ်စတစ်အမှိုက်များ ကင်းစင်စေရေး၊ ကန်သာယာကန် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်စေရန်အတွက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုလမ်းဘေးဝဲ/ယာရှိ ပလတ်စတစ်အမှိုက်များကို စုပေါင်းသန့်ရှင်းရေး လှုပ်ရှားမှု လုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကန်သာယာကန် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုဈေးသစ် မုခ်ဦး တည်ဆောက်နေမှုနှင့် နွေရာသီတွင် ရေခန်းခြောက်မှုမဖြစ်ပေါ်စေရေးအတွက် ရေဂါလန် ၃၇ ဒသမ ၆၅ သန်း သိုလှောင်နိုင်မည့် လယ်တီကန်ကို အကျယ် ၈ ဒသမ ၂ ဧက၊ အနက် ၁၁ ပေ ပြန်လည်တူးဖော်ထားရှိမှုတို့အား ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိစေရန်အတွက် အနောက်ဘက် ကန်သာယာကန်အတွင်း နွေရာသီရေလိုအပ်ချိန်တွင် ချင်းတွင်းမြစ်မှ ရေတင်ကာ ဆိုလာ တစ်ချပ်လျှင် ၅၄၅ ဝပ်၊ ဆိုလာချပ်ရေ ၁၈၀ ချပ်မှ စုစုပေါင်းကီလိုဝပ် ၁၀၀ ထွက်ရှိမည့် ဆိုလာချပ်များ တပ်ဆင်ပြီးစီးမှုအား ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူများ ငါးစားသုံးမှု ဖူလုံစေရန်အတွက် ငါးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်သွားမည့် ကွေ့ကြီးရပ်ကွက်ရှိ ရေစုကန် ၁၆ ကန်၊ စုစုပေါင်းအကျယ် ၄၄ ဒသမ ၂၉ ဧကကို ပြန်လည်တူးဖော်၍ တာပေါင်ဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံရေး ဝက်မွေးမြူရေးဇုန်(သီးသန့်) ဖော်ဆောင်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေး

**ဘားအံ ဇွန် ၁၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၈ ရက် နံနက်ပိုင်းက ဘားအံ – လှိုင်းဘွဲ့ ကားလမ်းမကြီးဘေးရှိ စက်မှုဇုန် အနောက်ဘက် မိဖကျေးရွာ ကွင်းအမှတ် (၁၀၉၉–ခ)နှင့် ကွင်းအမှတ် (၁၀၉၉–ဃ)၊ ပတုပ်စားကျက်ကွင်းနှင့် ပတုပ်တောင်ကွင်းတို့တွင် မြေဧရိယာ ၄၉ ဒသမ ၈၄ ဧကခန့်၌ ဝက်မွေးမြူရေးဇုန်(သီးသန့်) ဖော်ဆောင်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဝက်မွေးမြူရေးဇုန်ဖော်ဆောင်မည့် မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်မိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ဝက်မွေးမြူရေးဇုန်(သီးသန့်) ဖော်ဆောင်မည့် မြေနေရာနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဇုန်အတွင်း ရှင်းလင်းဆောင်၊ ဝက်ခြံ၊ ရုံးခန်း၊ ဆေးဝါးနှင့် တိရစ္ဆာန်အစာဆိုင်နေရာများပါ ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ လျှိုပိတ်ဆည်၏ ရေဝေ၊ရေလဲ၊ ရေဆင်းဧရိယာအထက်တွင် တည်ရှိသဖြင့် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် သဘာဝမြေဩဇာရရှိစေရေးအတွက် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးစွန့်ကျင်းများကို စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန် လို ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်သဖြင့် မျိုးကောင်းမျိုးသန့် ဝက်မျိုးများကို ထည့်သွင်းမွေးမြူသွားရန်၊ လက်ရှိ မွေးမြူသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ဇုန်အသစ်တွင်မွေးမြူနိုင်ရန် လာရောက်လျှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

အဆိုပါ ဝက်မွေးမြူရေးဇုန်(သီးသန့်)ကို ကနဦးအနေဖြင့် ဇုန်ပတ်လမ်းများ၊ ဝင်လမ်း၊ ထွက်လမ်းများ ဖောက်လုပ်၍ တစ်ယူနစ်လျှင် ၀ ဒသမ ၇၅ ဧက ရှိ အကွက်ပေါင်း ၅၀ ခန့် ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ခေတ်မီနည်းစနစ်များဖြင့် ဝက်(သီးသန့်) မွေးမြူထုတ်လုပ်နိုင်ရန် ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# လပွတ္တာမြို့နယ်၌ တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့ကို ပလတ်စတစ် မသုံးစွဲရသောနေ့အဖြစ်သတ်မှတ်

**လပွတ္တာ ဇွန် ၁၈**

လပွတ္တာမြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေနဒီဈေးနှင့် ရာပြည့်ဈေးတို့တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အပတ်စဉ်တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်အိတ် မသုံးစွဲရသောနေ့အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ **(ဝဲပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာအဖွဲ့များက ကွင်းဆင်း၍ ဈေးရောင်းချသူများကို အသားငါး၊ ဟင်းသီးဟင်းရွက်များ၊ အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ ရောင်းချရာတွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်နှင့် သတင်းစာစက္ကူများကို အစားထိုးအသုံးပြုခြင်း ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်၌ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များ စုပေါင်း၍ ဆရာတော်သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် ရေစက်ချ အနုမောဒနာ တရားနာယူခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရင်ပြင်တော်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗီယက်နမ် ဆရာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များ၊ ရက္ခိတစွမ်းအား ပရဟိတအဖွဲ့မှအလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ဒေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြကာ **(အပေါ်ယာပုံ)** ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုမာရပါလ (ရမ္မဝတီ) ဆရာတော်ထံမှ သာရဏီယဩဝါဒကထာ နာယူကြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံမှ သံဃာတော် ဦးသမ္မာဒိဋ္ဌိနှင့် ရက္ခိတစွမ်းအား ပရဟိတအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဦးဝင်းမောင်မောင်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံမှ ဆရာတော်ဦးသီလဂုဏထံမှ ဒေ့ပရိသတ်များက အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ တိပိဋကဓရ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗီယက်နမ်ဆရာတော်များနှင့် ပင့်သံဃာတော် စုစုပေါင်းအပါး ၁၀၀၀တို့အား ရင်ပြင်တော်တောင်ဘက် ဇဟိုမဏ္ဍပ်မှစ၍ ဆွမ်းတော်ကြီး လောင်းလှူခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။ **(အောက်ဝဲပုံ)**

အခမ်းအနား အပြီးတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်ကြီးများ၊ ဗီယက်နမ်နိုင်ငံမှ ဆရာတော်များအား ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုမာရပါလ (ရမ္မဝတီ) ဆရာတော်ဦးဆောင်၍ ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုဇော်(MNA)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် အသုံးမပြုရနေ့သတ်မှတ်ထားရာမှ တိုးမြှင့်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့သစ်ဈေးသို့ သွားရောက်၍ ကုန်ဈေးနှုန်းများ တည်ငြိမ် မှန်ကန်မှုရှိစေရေးနှင့် ပြည်သူများ ဈေးရောင်းဈေးဝယ်ပြုလုပ်နေမှုအခြေအနေများ ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့သစ်ဈေး၌ ဆန်၊ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ လောင်စာတောင့်၊ အခြေခံ စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆင့်ဆင့် သယ်ယူပို့ဆောင်ရောင်းချရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်များ၊ တစ်ဆင့်ပြန်လည် ရောင်းချလျက်ရှိသည့် ဈေးနှုန်းများကို ဈေးရောင်းချသူများနှင့် ရင်းရင်းနှီးနှီးအပြန်အလှန် ဆွေးနွေးမေးမြန်းခဲ့ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန်၊ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် အသုံးမပြုရနေ့ သတ်မှတ်ထားရာမှ တိုးမြှင့်နိုင်ရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များကို ရောင်းချဝယ်ယူကြရန် မှာကြားခဲ့ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဋ္ဌမအကြိမ်မြောက် အဘိဝိနယာစရိယစာတော်ပြန်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းမှ ကြီးမှူးကျင်းပသည့် ပဋ္ဌမအကြိမ်မြောက် အဘိဝိနယာစရိယစာတော်ပြန်ပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်တောရ (မြို့တော်ဝန်ကျောင်း) သီလဝိသောဓနီ ဝိသုံဂါမသိမ်တော်ကြီးအတွင်း၌ ဇွန် ၁၈ ရက်နံနက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ စာတော်ပြန်ပွဲကို ဇွန် ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့တွင် ဒွေမာတိကာနှင့် ခုဒ္ဒသိက္ခာ ဂါထာတော်များကို အာဂုံရေးဖြေခြင်းနှင့် ဝိနည်းလက်တွေ့ကျင့်သုံးမှုကို ဖြေဆိုတော်မူကြမည်ဖြစ်သည်။

ဇွန် ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်တို့တွင် ဝိနည်းပိဋကပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းစာများကို ကျမ်းစာအုပ်ဖွင့်ဖြေဆိုသည့်စနစ်ဖြင့် ဖြေဆိုတော်မူကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဘိဝိနယာစရိယစာတော်ပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူကြမည့် သံဃာတော်အရှင်သူမြတ်များအနက် ပထမအဆင့် ၄၂ ပါး၊ ဒုတိယအဆင့် ခုနစ်ပါးနှင့် တတိယအဆင့် နှစ်ပါး စုစုပေါင်း ၅၁ ပါးဖြေဆိုတော်မူကြမည်ဖြစ်ရာ အဘိဝိနယာစရိယစာတော်ပြန်ပွဲ အောင်မြင်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအား ဇွန် ၂၃ ရက် နံနက်တွင် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ၍ ဘွဲ့လက်မှတ်များကို ဆက်ကပ်ပူဇော်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

❒ *ကျောဖုံးမှ*

အိမ်ရှင်အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ တီမော၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ဂ) တွင် ထိုင်း၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို အုပ်စုသုံးခုမှ အုပ်စုပထမနေရာရ သုံးသင်း၊ အကောင်းဆုံးအုပ်စု ဒုတိယ တစ်သင်း၊ စုစုပေါင်း လေးသင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်သည်။

မြန်မာအသင်းသည် မတ်လနှင့် ဇွန်လက ၂၀၂၄ အာရှဖလားယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် ဒုတိယအဆင့်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် မြေပုံမြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ မြေပုံမြို့နယ်ခန်းမ၌ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုပြီး (ယာပုံ) ဆေးကုသမှုခံယူနေကြသူများကို အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်တန်းချေကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒေသခံပြည်သူများအား သောက်သုံးရေ ပေးဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မြို့သစ်တောင်ရပ်ကွက် လမ်းဘေး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၈**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ဇွန် ၁၈ ရက်တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၁၈**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ကျောက်တော်မြို့နယ် ကန်စောက်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာသံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော် အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ/ စစ်သည်/ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့သီဆို ကပြ ဖျော်ဖြေသော စစ်သည်/စစ်သမီးများအား တာဝန်ရှိသူများက ဆုငွေအသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးတိမ်တောင်ဖြစ်ထွန်းပြီး မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ပျဉ်းမနား ဇွန် ၁၈**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် သည် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့ မြို့မိမြို့ဖများနှင့်အတူ ဇွန် ၁၆ ရက်က ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင် ဖောင်ဒေးရှင်း ကွန်ကရစ်လောင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ဘုရားကျောင်းဆောင်သို့ လျှောက်လမ်း တည်ဆောက်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေလယ်ကျောင်းဆောင်နှင့် လျှောက်လမ်းအဆင့်မြှင့်တင်တည်ဆောက်ခြင်း ဖောင်ဒေးရှင်းလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မြို့မိမြို့ဖများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

## မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း (၁၀)မြို့နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲတက်ရောက်ဆုချီးမြှင့်

**မော်လမြိုင် ဇွန် ၁၈**

၂၀၂၃ ခုနှစ် မွန်ပြည်နယ် (၁၀) မြို့နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာယဗလ (အမျိုးသား) ကီလိုတန်းအလိုက် ယှဉ်ပြိုင်ခြင်း၊ Men Physique ပြိုင်ပွဲ ယှဉ်ပြိုင်ခြင်း၊ Miss များမှ လမ်းလျှောက်သရုပ်ပြသခြင်းနှင့် Model Physique ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ (၂၁) နှစ်အောက် အမျိုးသား ကာယဗလ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များ၊ Atheletic Physique ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များ၊ ၆၅ ကီလိုတန်း ကာယဗလ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များ၊ ၆၀ ကီလိုတန်း ကာယဗလ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များအား ပြည်နယ်ဝန်ကြီးများက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Model Physique ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များကို မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က ပေးအပ်ချီးမြှင့်ပြီး Men Physique ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုနှင့် ဆုကလပ်များကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**သက်နိုင်(မော်လမြိုင်)**



## လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုအတွက် အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**ရန်ကုန် ဇွန် ၁၈**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ပဲခူးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော KFine Inter-national Co.,Ltd မှ အာမခံအလုပ်သမား ဦးစိုးမိုးကျော်၏ လုပ်ငန်းခွင် ထိခိုက် ဒဏ်ရာရရှိမှုအတွက် အမြဲတမ်း မသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ဇွန် ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက အာမခံအလုပ်သမား ဦးစိုးမိုးကျော်၏ အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၆၄၅၆၂၄၀ အား ကာယကံရှင်ထံသို့ ခွင့်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်ဘီ**

❍ *ကျောဖုံးမှ*

ဘော့စနီးယားအသင်းသည် ပေါ်တူဂီအသင်းဘက်သို့ သွင်းဂိုးရယူနိုင်သည့် အခွင့်အရေးအချို့ ရရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဘော့စနီးယားအသင်းသည် ယူရိုခြေစစ်ပွဲပြိုင်ပွဲ ပွဲစဉ် (၃) အပြီးတွင် တစ်ပွဲသာ နိုင်ပွဲရရှိထားသေးပြီး ဒုတိယနေရာမှ စလိုဗက်ကီးယားအသင်းနှင့် လေးမှတ်အထိ ကွာဟလာပြီဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ဖာနန်ဒက်စ်က သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ခရစ္စတီယာနို ရော်နယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် ၁၉၉ ပွဲမြောက်ကို ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပေါ်တူဂီအသင်းအတွက် ၁၉၉ ပွဲ ကစားပြီး ၁၂၂ ဂိုးဖြင့် နိုင်ငံတကာ သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းတင်ထားသူဖြစ်သည်။ အခြားယူရိုခြေစစ်ပွဲများတွင် စကော့တလန်၊ ချက်၊ ဂျော်ဂျီယာ အသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး ဘယ်လ်ဂျီယံအသင်းကသြစတြီးယားအသင်း ကို တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။ **အောင်ဇော်**

# မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၄)

ထက်မြတ်



မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့စဉ်။

*ယမန်နေ့မှအဆက်*

ရခိုင်ပြည်နယ်အတွင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းတစ်လိုင်း၊ ၆၆ ကေဗွီ ပို့လွှတ်ရေးဓာတ်အားလိုင်း ခြောက်လိုင်း၊ တာဝါတိုင်နဲ့ ကွန်ကရစ်တိုင် စုစုပေါင်း ၂၆၃၆ တိုင်ရှိပါတယ်။

အဲဒီထဲကမှ တာဝါတိုင် ၅၂ တိုင်နဲ့ ကွန်ကရစ်တိုင် ၄၂၈ တိုင်တို့ဟာ ဆိုင်ကလုန်း မုန်တိုင်း "မိုခါ" ရဲ့ ရိုက်ခတ်မှုအောက်မှာ ဝပ်ဆင်းသွားခဲ့ရတာပါ။

ဒါပေမယ့်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့ ဝန်ထမ်းများရဲ့ စိတ်ဓာတ်ကိုရိုက်ချိုးဖို့ရာတော့ "မိုခါ" က မတတ်နိုင်ခဲ့ပါဘူး။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ စစ်တွေမြို့နဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရှိမြို့များ လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ရရှိရေးအတွက် မေလ ၁၈ ရက်ကစလို့ လူအင်အား၊ ယာဉ်/ ယန္တရားအင်အားများကိုစုဖွဲ့ပြီး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

**၂၃၀ ကေဗွီနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းများအတွက် ဝန်ထမ်း ၅၇၉ ဦး၊ ယာဉ်/ယန္တရားအစီး ၉၀၊ ပြင်ဆင်ရေးအဖွဲ့ ၁၆ ဖွဲ့ဖြင့် လုပ်ငန်းဆောင်ရွက်နေသလို ၁၁ ကေဗွီ/ ၄၀၀ ဗို့ ဓာတ်အားလိုင်းများအတွက် ဝန်ထမ်း ၆၈၄ ဦး၊ ယာဉ်/ယန္တရား ၇၁ စီး၊ ပြင်ဆင်ရေးအဖွဲ့ ၁၄ ဖွဲ့၊ ပြင်ပကုမ္ပဏီတစ်ဖွဲ့တို့ဖြင့် ပြည်သူများ လျှပ်စစ်မီးများ ပြန်လည်ရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။**

**ဒီလို ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြို့တွင်းလျှပ်စစ်မီး ဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုက ဇွန်လ ၁၃ ရက်မှာ ၁၀၀ ရာခိုင်နှုန်းရှိပြီး ဇွန်လ ၇ ရက် ည ၈ နာရီ ၂၂ မိနစ်မှာ မြို့ပေါ် ၁၅ ရပ်ကွက်ရှိ လျှပ်စစ်မီးအသုံးပြုသူ ၁၃၀၁၀ အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။**

လျှပ်စစ်မီးမရခင် အတောအတွင်းမှာ ပြည်သူများ လျှပ်စစ်မီးအထိုက်အလျောက် ရရှိစေရေးအတွက် ၅၀၀ ကေဗွီအေ မီးစက်ကြီးများဖြင့် လမ်းမီးများထွန်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

**အထူးသဖြင့် လျှပ်စစ်မီးလုံးဝမရတဲ့ စစ်တွေမြို့အတွင်း လျှပ်စစ်မီးရရှိရေးအတွက် အဓိကဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ စစ်တွေမြို့ မေယုလမ်းမီးစက်အဝိုင်းမှ ဆတ်ရိုးကျတံတားအထိ အလျား ၃ မိုင်အရှည်ရှိသော လမ်းမကြီးတစ်လျှောက်ကို မေလ ၂၅ ရက်ကစပြီး ဇွန်လ ၇ ရက်အထိ ည ၇ နာရီမှ ၁၀ နာရီအတွင်း လမ်းမီးများကို တစ်တိုင်ခြား ထွန်းပေးခဲ့တာ တွေ့ရပါတယ်။**

တာဝန်ရှိသူများအနေနဲ့ ပြည်သူများအတွက် စဉ်းစားတွေးတောပြီး ဖြည့်ဆည်းပေးမှုက ဒီနေရာမှာတင် မရပ်သွားပါဘူး။ ဒီကနေ့ခေတ်မှာ လူတိုင်းလိုလို လက်ကိုင်ဖုန်းများကိုင်ဆောင် လာနိုင်ပြီဖြစ်တဲ့အတွက် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်မပြတ်တောက်စေဖို့ အခမဲ့ဖုန်းအားသွင်းနိုင်တဲ့ နေရာများကိုလည်း စီစဉ်ပေးခဲ့ပါသေးတယ်။

လျှပ်စစ်မီးလုံးဝမရတဲ့ စစ်တွေမြို့အတွင်းမှာပင် အခမဲ့ဖုန်းအားသွင်းနိုင်ရေးအတွက် နေရာရှစ်နေရာ ထားရှိပေးထားတာကြောင့် ပြည်သူများအနေနဲ့ လက်ကိုင်ဖုန်းများသာမက အားသွင်းဓာတ်မီးများနဲ့ တခြားအားသွင်းဖို့လိုအပ်တဲ့ လျှပ်စစ်ပစ္စည်းများကို လာရောက် အားသွင်းကြတာကိုလည်း တွေ့ရပါတယ်။ ပျမ်းမျှအားဖြင့် ညစဉ် မီးအားသွင်းသူ ၁၂၀၀ ဝန်းကျင်ရှိပါတယ်။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ နောက်ထပ် တင်ပြချင်တာကတော့ စက်သုံးဆီ စုပုံမှုအခြေအနေပါ။

**ပရီမီယံဒီဇယ်ဆီ ဂါလန် ၂၀၀၀၀၀ ကို ဇမ္ဗူတန်ဆောင်သင်္ဘောဖြင့်လည်းကောင်း၊ 92 အောက်တိန်းဓာတ်ဆီ ဂါလန် ၂၀၀၀၀၀ ကို ခိုင်ခိုင်ဖြိုး-၃၄ သင်္ဘောဖြင့်လည်းကောင်း၊ ဒီဇယ်ဆီ ဂါလန် ၂၅၀၀၀၀ ကို ခိုင်ခိုင်ဖြိုး-၃၃ သင်္ဘောဖြင့်လည်းကောင်း ရခိုင်ပြည်နယ်သို့ ပို့ဆောင်ထားပြီးတာ တွေ့ရပါတယ်။**

ပရီမီယံ ဒီဇယ်ဆီများကိုတော့ စစ်တွေမြို့မှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှာ ထိန်းသိမ်းထားကာ 92 အောက်တိန်းဓာတ်ဆီနဲ့ ဒီဇယ်ဆီတို့ကိုတော့ သင်္ဘောပေါ်မှာပဲ တင်ထားပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ဝိသမလောဘသားများ လုပ်လေ့လုပ်ထရှိတဲ့ အကျင့်တစ်ခုရှိပါတယ်။ အရေးအကြောင်း ကြုံလာပြီဆိုရင် အရေးကြီးလိုအပ်တဲ့ ပစ္စည်းတွေကို စျေးတင်ရောင်းချခြင်းပါပဲ။

ဒီနေရာမှာ စက်သုံးဆီဆိုတာ တကယ့်ကို အခြေခံကျတဲ့ လိုအပ်ချက်မို့ ပြတ်လပ်ပြီဆိုတာနဲ့ ဝိသမလောဘသားများရဲ့ မထင်ရင်မထင်သလို စျေးတင်ရောင်းချခြင်းခံရတဲ့ အခြေခံကုန်ပစ္စည်းတစ်မျိုးပါ။

အခုတော့ နိုင်ငံတော်အစိုးရက အမြော်အမြင်ရှိရှိနဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ စက်သုံးဆီများကို အလျှံပယ် စုပုံပေးလိုက်ခြင်းကြောင့် စက်သုံးဆီပြတ်လပ်လို့ စျေးတင်ရောင်းချမှု မဖြစ်ပေါ်စေတဲ့အပြင် ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်နေရာချထားရေး လုပ်ငန်းများကို တင်းပြည့်ကျပ်ပြည့် ဆောင်ရွက်သွားနိုင်တော့မှာပဲဖြစ်ပါတယ်။

**ဆောက်လုပ်ရေးကဏ္ဍ**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အဓိကကျသောလုပ်ငန်းတစ်ခုဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍကို ဆက်လက်တင်ပြသွားပါမယ်။

**နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ကြိုတင်ဝယ်ယူထားတဲ့ သွပ်အချပ်ရေ ၁၀၀၀၀၀၊ မူလထိန်းသိမ်းထားတဲ့ သွပ်အချပ်ရေ ၁၆၉၆၇၅ ချပ်၊ အလှူရှင်များ လှူဒါန်းတဲ့ သွပ်အချပ်ရေ ၃၄၈၂၇ ချပ် အပါအဝင် စုစုပေါင်းသွပ်အချပ်ရေ ၃၀၄၅၀၂ ချပ်ကို စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့ပြင် အိမ်ရိုက်သံ ၂၄ တန်၊ သွပ်ရိုက်သံ ၁၃ တန်နဲ့ သစ်လုံး ၆၄ တန်၊ သစ်ခွဲသား ၁၈၃၈ တန်တို့ကိုလည်း တည်ဆောက်ရေး လုပ်ငန်းများအတွက် ပို့ဆောင်ခဲ့ပြီးပါပြီ။**

ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအကြောင်းမပြောခင် အရင်ဆုံး သာသနိက အဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို တင်ပြချင်ပါသေးတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိ သာသနိက အဆောက်အအုံ အများအပြား ပျက်စီးသွားပါတယ်။

**စာရင်း ကိန်းဂဏန်းအရဆိုရင် ကျောင်းပေါင်း ၁၅၁၀၊ စေတီပေါင်းအဆူ ၂၃၀၊ သိမ်အလုံး ၆၄၀၊ ကျောင်းဆောင် ၁၇၈၇ ဆောင်၊ ဓမ္မာရုံ ၈၃၈ လုံး၊ ဆွမ်းစားဆောင် ၄၅၈ လုံး၊ ကုဋီ ၁၀၂၆ လုံးရှိပါတယ်။**

**ဒီလိုပျက်စီးသွားတဲ့ သာသနိက အဆောက်အအုံများအတွက် ပထမအကြိမ်အဖြစ် ဘုန်းတော်ကြီးကျောင်းငါးကျောင်းသို့ သွပ်အချပ် ၁၀၀၀ နဲ့ ကျန်သာသနိက အဆောက်အအုံများအတွက် သွပ်အချပ် ၈၅၀၀၊ သွပ်ရိုက်သံ ၂၂၅ ပိဿာနဲ့ သစ် ၅၁ တန်တို့ကို ထောက်ပံ့ပေးထားပါတယ်။**

ဒါ့အပြင် ပျက်စီးသွားတဲ့သာသနိက အဆောက်အအုံများကို သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများနဲ့

*စာမျက်နှာ ၁၁ သို့*





တာဝန်ရှိသူများက လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေစဉ်။ (အပေါ်ပုံ)

သာသနိက အဆောက်အအုံများပျက်စီးမှုကို ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးနေစဉ်။ (ယာပုံ)

*စာမျက်နှာ ၁၀ မှ*

ဒေသခံပြည်သူများပူးပေါင်းကာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါအတော်များများပြီးစီးသွားပြီဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ဗုဒ္ဓပြတိုက်နဲ့ ယဉ်ကျေးမှုပြတိုက်တို့ကို အမိုးဒိုင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

**ဆောက်လုပ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ လမ်းဦးစီးဌာနကလည်း တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းရှိ ပင်လယ်လှိုင်းကာ ပေ ၂၁၀ ပျက်စီးခြင်းကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပါပြီ။**

ဒီလိုဆောက်လုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် အရေးကြီးလိုအပ်ချက်တစ်ခုဖြစ်တဲ့ သစ်ခွဲသားများ ပို့ဆောင်မှု အခြေအနေကတော့ ဇွန်လ ၁၄ ရက်အထိ စစ်တွေမြို့ကို ကျွန်း/ပျဉ်းကတိုး ပင်ကျပ်တိုင် ၂၀၃၇ လုံး အပါအဝင် သစ်ခွဲသားတန်ချိန် ၁၇၅၆ ဒသမ ၅ တန်ကို ပို့ဆောင်ထားပြီးပါပြီ။

ဆက်လက်ပြီးတော့လည်း ပို့ဆောင်သွားမယ့် သစ်ခွဲသားတွေ၊ ကျွန်း/ပျဉ်းကတိုး ပင်ကျပ်တိုင်တွေကိုလည်း အသင့်စုဖွဲ့ထားကာ သင့်ရာနည်းဖြင့် ပို့ဆောင်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါသေးတယ်။

**ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုကဏ္ဍ**

မုန်တိုင်းဒဏ်သင့် ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍက အဓိကကျလာသလို သယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ စွမ်းစွမ်းတမံဆောင်ရွက်မှုကလည်း မရှိမဖြစ် အရေးကြီးပါတယ်။

ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုကိုတော့ မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၅ ရက်ကတည်းက စတင်လုပ်ဆောင်ခဲ့တာပါ။

အဲဒီအချိန်ကနေစပြီး ဇွန်လ ၁၃ ရက်အထိ တပ်မတော်လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုအခြေအနေကို ဦးစွာတင်ပြသွားပါမယ်။

**တပ်မတော်မှ Y-8 အမျိုးအစား လေယာဉ်ဟာ ပျံသန်းမှုအခေါက်ရေ စုစုပေါင်း ၄၃ ခေါက်နဲ့ ကုန်ပစ္စည်းတန်ချိန် ၁၉၆ ဒသမ ၀၄၈ တန်ကိုလည်းကောင်း၊ ATR အမျိုးအစား လေယာဉ်က အခေါက်ရေ ၈၆ ခေါက် ပျံသန်းပြီး ကုန်ပစ္စည်းတန်ချိန် ၂၉၈ ဒသမ ၂၀၇ တန်ကိုလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။**

ရေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်ပေးနိုင်မှုအခြေအနေကတော့ တပ်မတော်ရေယာဉ် ၂၂ စင်းဖြင့် ကုန်ချိန် ၄၂၃၂ ဒသမ ၈ တန်ကိုလည်းကောင်း၊ ပုဂ္ဂလိကပိုင် ကုန်တင်ရေယာဉ် ၁၀ စင်းဖြင့် ကုန်ချိန် ၁၅၁၀၁ ဒသမ ၆၂၄ တန်ကိုလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

အလားတူ ကုန်းကြောင်းမှလည်း တပ်ပိုင်ယာဉ်များ၊ အရပ်ဘက်ပိုင်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန်များစွာကို ပို့ဆောင်ပေးခဲ့ပါသေးတယ်။

**ရေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု**

(၁၇-၅-၂၀၂၃ ရက်မှ ၁၃-၆-၂၀၂၃ ရက်အထိ)

| စဉ် | ရေယာဉ်အမျိုးအစား | စုစုပေါင်းစင်းရေ | စုစုပေါင်းတန်ချိန် |
|---|---|---|---|
| ၁ | တပ်မတော်ရေယာဉ် | ၂၂ | ၄၂၃၂.၈ |
| ၂ | ပုဂ္ဂလိကပိုင်ကုန်တင်ရေယာဉ် | ၁၀ | ၁၅၁၀၁.၆၂၄ |
| | **စုစုပေါင်း** | ၃၂ | ၁၉၃၃၄.၄၂၄ |

**တပ်မတော်လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု**

(၁၅-၅-၂၀၂၃ ရက်မှ ၁၃-၆-၂၀၂၃ ရက်အထိ)

| စဉ် | လေယာဉ်အမျိုးအစား | စုစုပေါင်းခေါက်ရေ | စုစုပေါင်းတန်ချိန် |
|---|---|---|---|
| ၁ | Y-8 | ၄၃ | ၁၉၆.၀၄၈ |
| ၂ | ATR | ၈၆ | ၂၉၈.၂၀၇ |
| | **စုစုပေါင်း** | ၁၂၉ | ၄၉၄.၂၅၅ |

## ရေယာဉ်/ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့နိုင်မှုဦးစီးဇယား

အဲဒီလိုပို့ဆောင်ပေးတဲ့ပစ္စည်းတွေထဲမှာ ဆန်နဲ့စားသောက်ဖွယ်ရာများ ပါဝင်တဲ့ စားရေရိက္ခာများ၊ ကျန်းမာရေးပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများ အဓိကပါဝင်တာကို တွေ့ရပါတယ်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု**

**မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် အရေးပေါ်တုံ့ပြန်မှုနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (ERAT) ရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ မြန်မာနိုင်ငံအတွင်းသို့ လာရောက်သတင်းရယူမယ့် ခရီးစဉ်ကို ခွင့်ပြုပေးတဲ့အပြင် မုန်တိုင်းသင့်ဒေသများမှာ ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိစေရေးအတွက် တပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်၍ ဒေသခံများ၊ ဒေသအခြေအနေများအပေါ် မျက်မြင်လေ့လာခွင့်တို့ကို အစိုးရဘက်ကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။**

ဒါ့အပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနဲ့ ပတ်သတ်ပြီး သတင်းများကို အချိန်မီထုတ်ပြန်နိုင်စေဖို့ကိုလည်း ကူညီပေးခဲ့ပါတယ်။

အလားတူ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UN OHCHR) ရဲ့ လုပ်ငန်းများအတွက် အစိုးရထံ တင်ပြလာမှုများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ခွင့်ပြုပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီအနေနဲ့ လုပ်ဆောင်မှုများကတော့ ပြည်ပနိုင်ငံများမှ အစိုးရများ၊ အဖွဲ့အစည်းများ၊ AHA Centre ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများနဲ့ စေတနာရှင်များရဲ့ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းမှု၊ အလှူငွေများ လှူဒါန်းမှုတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ထို့အတူ AHA Centre နဲ့ ထိုင်းနိုင်ငံတို့မှ မုန်တိုင်းသင့်ဒေသများသို့ လှူဒါန်းတဲ့ ကယ်ဆယ်ရေးပစ္စည်းများ သယ်ဆောင်လာသော စုစုပေါင်း လေယာဉ် ခုနစ်ခေါက်ကို မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်ပျံသန်းခွင့်နဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ဆင်းသက်ရပ်နားခွင့်များ တောင်းခံလာမှုအပေါ် ခွင့်ပြုချက်များ အချိန်မီ ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။ AHA Center အနေနဲ့ မူလကထောက်ပံ့ပစ္စည်းတွေကို လေယာဉ် ၁၉ ခေါက်ပို့ပေးဖို့ ညှိနှိုင်းခဲ့ပေမယ့် လေယာဉ်နဲ့ ခုနစ်ခေါက်ပဲ ပို့ဆောင်ခဲ့ပြီး ကျန်တဲ့ပစ္စည်းတွေကိုတော့ မလေးရှားနိုင်ငံမှ ရေကြောင်းနဲ့ ဆက်လက်ပို့ဆောင်ရေး ညှိနှိုင်းထားတာလည်း ရှိပါတယ်။

နိုင်ငံတကာကူညီမှုတွေ အနေနဲ့ကတော့ အိန္ဒိယနိုင်ငံက မေ ၁၈ ရက်၊ ၁၉ ရက်တို့မှာ ထောက်ပံ့ရေးပစ္စည်းနဲ့ စားသောက်ဖွယ်ရာ တန်ချိန် ၂၅ တန်ကို စစ်ရေယာဉ်များဖြင့် လည်းကောင်း၊ တရုတ်နိုင်ငံအနေနဲ့ ယူနန်ချစ်ကြည်ရေးအသင်းက မေ ၂၀ ရက်နေ့မှာ ကျပ်သိန်း ၃၀၀ နဲ့ညီမျှတဲ့ ကူညီထောက်ပံ့ရေးပစ္စည်းများနဲ့ စားသောက်ဖွယ်ရာတွေကို ရွှေလီ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မေ ၂၂ ရက်မှာ ကျပ် ၂၇၂ ဒသမ ၂၃ သိန်းနဲ့ညီမျှတဲ့ ကူညီထောက်ပံ့ရေးပစ္စည်း မျိုးစုံကိုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ The Fund RC– Investments ကလည်း မေ ၂၂ ရက်မှာ မြန်မာနိုင်ငံသံရုံး (မော်စကို) သို့ ရူဘယ် ၁ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မေ ၂၃ ရက်မှာ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ တန် ၂၀ ခန့်ကို လေယာဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးက မေ ၂၉ ရက်မှာ ဆန် ၁၄ တန်နဲ့ စားသောက်ဖွယ်ရာမျိုးစုံကို လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရက ဇွန် ၆ ရက်မှာ ကူညီကယ်ဆယ်ရေးပစ္စည်းနဲ့ စားသောက်ဖွယ်ရာတန်ချိန် ၁၂၀ ခန့်ကို လည်းကောင်း၊ တရုတ်နိုင်ငံအစိုးရက ဇွန် ၁၂ ရက်မှာ ထောက်ပံ့ရေးပစ္စည်း ပထမအကြိမ်ကိုလည်းကောင်း ပေးပို့ကူညီခြင်းဖြင့် လူသားချင်းစာနာမှု အကူအညီများ ပေးခဲ့ကြပါတယ်။

**သာဓုအကြိမ်ကြိမ် ခေါ်ရမယ့် ပြည်သူလူထုရဲ့အလှူ**

ကျွန်တော်တို့ မြန်မာနိုင်ငံသားများဟာ သဒ္ဓါတရားကြီးမားကြသူများ ဖြစ်တဲ့အလျောက် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်သွားချိန်မှာ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေများကို သဒ္ဓါတရားထက်သန်စွာ ရက်ရက်ရောရော လှူဒါန်းခဲ့ကြတာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။

အခုလို လှူဒါန်းမှုများကလည်း ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ အဓမ္မခိုင်းစေမှုမှုမပါဝင်ဘဲ ကိုယ်တိုင်ကိုယ့်စိတ်သဘောကျ လှူဒါန်းကြသူများ ဖြစ်နေတာကလည်း မြန်မာပြည်သူတို့ရဲ့ သဒ္ဓါတရားမနည်းတဲ့ စိတ်ဓာတ်ကို အထင်းသား ပေါ်လွင်စေပါတယ်။

**မုန်တိုင်းတိုက်ခတ်ပြီးနောက် မေလ ၁၅ ရက်မှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကိုယ်တိုင်ကိုယ်ကျ လက်ရောက်လှူဒါန်းမှုက ငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀ သိန်း (၁၃ ဒသမ ၁၈၁ ဘီလီယံကျပ်) ဖြစ်ပါတယ်။**

ဒါဟာ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကနဦးလှူဒါန်းမှုဖြစ်ပါတယ်။ အဲဒီထဲကမှ ကျပ်သိန်းပေါင်း ၇၀၀၀၀ (၇ ဘီလီယံကျပ်) ကို ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပေးအပ်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီက ပြည်တွင်းမှ အလှူရှင်များ သာမက ပြည်ပမှအလှူရှင်များပါ မုန်တိုင်းဒဏ်သင့် ဒေသများအတွက် အလှူငွေများ လှူဒါန်းမှုပြုနိုင်စေရန် မြန်မာငွေစာရင်းအမှတ်နဲ့ နိုင်ငံခြားငွေစာရင်းအမှတ်များကို မေ ၁၅ ရက်မှာ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

ဒါ့အပြင် အလှူရှင်များအနေနဲ့ အခြားသော နည်းလမ်းအမျိုးမျိုးနဲ့ လှူဒါန်းမှုများ ပြုလုပ်နိုင်စေရန် အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်၊ မိုဘိုင်းငွေပေးချေမှု စနစ်တို့အတွက် မေ ၁၇ ရက်မှာ အကောင့်များ ဖွင့်လှစ်ပြီး ပြည်သူများသို့ အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။

**ဒီလိုမျိုးတွေ ဆောင်ရွက်နိုင်မှုကြောင့် မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ DMC ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းစစ်ဌာနချုပ်များ၊ ဘဏ်တိုက်ရိုက်အလှူရှင်များထံမှ ပေးပို့လာတဲ့စာရင်းများအရ မြန်မာငွေကျပ် ၂၆၉၃၆၉၃၈၅၀၇ (၂၆ ဒသမ ၉၃၆ ဘီလီယံကျပ်)၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅၁၆၁၇၇ ဒသမ ၉၆ ဒေါ်လာ အထိ အလှူငွေလက်ခံရရှိခဲ့တာကို တွေ့ရပါတယ်။**

အလားတူကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်မှပေးပို့တဲ့ ဘဏ်စာရင်းများအရ ၎င်းဘဏ်၌ အလှူငွေဝင်ရောက်မှု စုစုပေါင်းမှာ မြန်မာငွေကျပ် ၃၀၀၂၁၃၀၈၉၉၀ ဒသမ ၁၀ (၃၀ ဒသမ ၀၂၁ ဘီလီယံကျပ်) ဖြစ်ပါတယ်။ KBZ Pay၊ Wave Money၊ AYA Pay၊ OK$၊ CB Pay၊ UAB Pay Account များမှ အလှူငွေအဖြစ် မြန်မာငွေ ၁၈၁၄၂၂၄၀ ဒသမ ၃၁ ကျပ်ကို ရရှိထားပါတယ်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့် အလှူငွေများ၊ ထောက်ပံ့ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး ပြန်လည်ပေးအပ်ပြီး ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်လို့ ဆိုထားပါတယ်။

**ဖော်ပြခဲ့တဲ့အလှူငွေများက ငွေသားသက်သက်သာဖြစ်ပြီး ပစ္စည်းလှူဒါန်းမှုတန်ဖိုးမပါသေးပါဘူး။ ဒါ့အပြင် အစိုးရထံမှ ခွင့်ပြုချက်ရယူပြီး လုပ်ဆောင်တဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီးများရဲ့ ရက်ပေါင်းများစွာကြာ စတုဒိသာ ကျွေးမွေးမှုများလည်း မပါသေးပါဘူး။ ဒါတွေကိုသာ ထည့်တွက်လိုက်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာပြည်သူများရဲ့ သဒ္ဓါတရားက သာဓုအကြိမ်ကြိမ် ခေါ်ဆိုထိုက်လောက်ပါပေတယ်။**

ဒါကြောင့် အဆုံးသတ်အနေနဲ့ နိဂုံးချုပ်ရရင် DMC ရဲ့ ဦးဆောင်မှုအောက်မှာ ဆောင်ရွက်ခဲ့တဲ့ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အောင်မြင်မှု ရှိ၊ မရှိဆိုတာ မုန်တိုင်းဒဏ်သင့်ဒေသအားလုံးကို ယခင်ခန့်မှန်းထားတာထက် ပိုစောပြီး အမိုးအကာအောက် ရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် တွေ့နိုင်ပါတယ်။

အလားတူ ပညာရေးမှာ ကျောင်းသားကျောင်းသူများအတွက် စာသင်ကျောင်းများကို ရာနှုန်းပြည့် ဖွင့်လှစ်ပေးနိုင်ခဲ့မှု၊ ကျောင်းသား ကျောင်းသူဦးရေ လေးသိန်းကျော် စာသင်ယူနိုင်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ဆက်သွယ်ရေးကွန်ရက်များ အမြန်ဆုံးချိတ်ဆက်နိုင်မှုအခြေအနေ၊ လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်မှုအခြေအနေ အစရှိတဲ့ အခြေအနေအရပ်ရပ်တို့ကို ကြည့်ခြင်းအားဖြင့်လည်း တွေ့မြင်နိုင်ပါတယ်။


ဒါ့အပြင် "တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့အတိုင်း ကိုယ့်ပြည်သူတွေ အမှန်တကယ် ဒုက္ခရောက်နေချိန်မှာ အဆင်ပြေတဲ့ ပြည်သူများက တစ်ယောက်တစ်လက် ညီညာအားဖြင့် ပေါင်းစုစည်းရုံးကာ လှူဒါန်းပေးမှုများ၊ ကာယအားနဲ့ ကူညီပေးမှုများ၊ အနုပညာအားနဲ့ ကူညီပေးမှုများဟာ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တမ်း ဝင်နေဦးမှာဖြစ်ကြောင်း ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများမှာ ပါဝင်သူများအားလုံးကို "မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့" ဆိုတဲ့ ဆောင်းပါးနဲ့ ဂုဏ်ယူလေးစားကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။ ။

# Aung Bar Lay Application လမ်းညွှန်

## (အောင်ဘာလေအွန်လိုင်းထီ Application ကို အသုံးပြုပုံအဆင့်ဆင့်)

### Application Download ပြုလုပ်ခြင်း


- အဆင့် ၁: အောင်ဘာလေ အွန်လိုင်းထီ Website ကို သွားပါ။
  aungbarlay.ird.gov.mm
  အောင်ဘာလေအွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကို ဖတ်ပါ။
- အဆင့် ၂: Install ပြုလုပ်ရန် Device ရွေးချယ်ပါ။ Android/iOS
- အဆင့် ၃ : Application ကို Install ပြုလုပ်ပါ။



1

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း


- အဆင့် ၁: Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://aungbarlay.ird.gov.mm/assets/ABL_release_b51.apk



2

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း


- အဆင့် ၂: Install ကို နှိပ်ပါ။
  Install ပြုလုပ်ပြီးစီးသည်အထိ စောင့်ပါ။



3

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း


- အဆင့် ၃: Install ပြုလုပ်ပြီးပါက Open ကို နှိပ်ပါ။



4

### Android ဖုန်းများတွင် Install ပြုလုပ်ခြင်း


- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။



5

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း


- အဆင့် ၁: Link ကိုနှိပ်၍ Application ကို Install ပြုလုပ်ပါ။
  https://install.appcenter.ms/users/beemedia88/apps/aung-bar-lay/distribution_groups/aung%20bar%20lay



6

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း


- အဆင့် ၂: iPhone setting မှ General setting သို့ သွားပါ။
  General ထဲရှိ VPN & Device Management ထဲသို့ ဝင်ရောက်ပါ။



7

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၃: VPN & Device Management ထဲရှိ Enterprise app ကိုနှိပ်ပါ။



8

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- အဆင့် ၄: Trust စာသားအပြာကိုနှိပ်ပါ။
  Trust ကို နှိပ်ပါ။



9

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း


- ယခုပုံအတိုင်းဖြစ်ပါက Application ကို စတင်အသုံးပြုလို့ရပါပြီ။



10

### IOS ဖုန်းများတွင် Install ပြုလုပ်ခြင်း

- သင်၏ ဖုန်းထဲသို့ Aung Bar Lay Application အား အောင်မြင်စွာ ထည့်သွင်းလို့ ပြီးပါပြီ။



11

### Account အသစ်ဖွင့်၍ ဝင်ရောက်ခြင်း


- အဆင့် ၁: စာရင်းသွင်းခြင်းလုပ်ငန်းစဉ်ကို စတင်ပါ။
  အသုံးပြုသူအသစ် (New User)ဖြစ်ပါက အကောင့်စာရင်းပေးခြင်း (Sign Up)ကို ရွေးချယ်ပါ။
- အဆင့် ၂: သင့်ဖုန်းနံပါတ်ဖြင့် အကောင့်ဖွင့်ပါ။
  သင်၏ ဖုန်းနံပါတ်အား ဖြည့်သွင်းပါ။
  SMS မှပေးပို့လာသော တစ်ခါသုံးလျှို့ဝှက်နံပါတ် (One Time Password – OTP) အား ဖြည့်သွင်းပါ။
  လျှို့ဝှက်နံပါတ် (Password) ဖန်တီးပါ။
- အဆင့် ၃: အကောင့်ဝင်ပါ။
  ဖုန်းနံပါတ်နှင့် လျှို့ဝှက်နံပါတ် (Password) ဖြည့်သွင်း၍ Application သို့ ဝင်ရောက်ပါ။
  Biometrics အသုံးပြု၍လည်း Log In ဝင်ရောက်နိုင်ပါသည်။



12

### ထီလက်မှတ် ဝယ်ယူခြင်း


- အဆင့် ၁: လက်မှတ်ဝယ်ယူခြင်း
  - လမကုန်မီ (၂)ရက်အလိုထိ ထီလက်မှတ်များကို အွန်လိုင်းမှ ဝယ်ယူနိုင်ပါသည်။
  - လက်မှတ်ဝယ်ရန်/ BUY TICKET ကို နှိပ်ပါ။



13

### ထီလက်မှတ် ဝယ်ယူခြင်း

- အဆင့် ၂: ထီလက်မှတ်များ ရွေးချယ်ခြင်း
  - ကြိုက်နှစ်သက်ရာ ရှေ့အက္ခရာနှင့် နံပါတ်အား ရှာဖွေရွေးချယ်ခြင်း
  - ကြိုက်နှစ်သက်ရာ နံပါတ်အား Search Box မှ ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော နံပါတ်အား Random ရွေးချယ်ခြင်း
  - System မှ အလိုအလျောက်ထုတ်ပေးသော ၃စောင်တွဲ / ၅ စောင်တွဲ / ၁၀ စောင်တွဲအား Random ရွေးချယ်ခြင်း တို့ဖြစ်ပါသည်။




14

### ထီလက်မှတ် ဝယ်ယူခြင်း

- အဆင့် ၃: အတည်ပြုပြီး ငွေပေးချေခြင်း
  ငွေပေးချေရန် မိမိနှစ်သက်ရာ ဝန်ဆောင်မှု တစ်ခုခုကို ရွေးချယ်ပါ။


မကြာမီ ငွေပေးချေမှု နည်းလမ်း မြောက်မြားစွာ ရှိလာဦးမည်။




15

### ထီလက်မှတ် ဝယ်ယူခြင်း

- အဆင့် ၄: ထီလက်မှတ်ဝယ်ယူမှု ပြီးမြောက်ခြင်း
  ငွေပေးချေပြီးပါက ဝယ်ယူမှုအောင်မြင်ကြောင်း SMS ရရှိမည် ဖြစ်ပါသည်။






16

### လက်မှတ်ကို စစ်ဆေးခြင်း


- ဝယ်ယူထားသော လက်မှတ်ကို စစ်ဆေးခြင်း
  ကျွန်ုပ်၏ ထီလက်မှတ်သို့သွား၍ ယခုလ ထိုးထားသော လက်မှတ်များ၊ ဆုရထီလက်မှတ်များနှင့် ထိုးပြီး ထီလက်မှတ်များကို ပြန်လည်ကြည့်ရှုနိုင်ပါသည်။



17

### ထီပေါက်စဉ်များကို ကြည့်ရှုခြင်း

- ပြီးခဲ့သည့်လ၏ ထီပေါက်စဉ်များကို ကြည့်ရှုခြင်း
  နောက်ဆုံးထွက်ရှိထားသော ထီပေါက်စဉ်အား ပင်မစာမျက်နှာတွင် ကြည့်ရှုနိုင်သလို ယခင်လများ၏ ထီပေါက်စဉ်များကိုလည်း ထီပေါက်စဉ် စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။



18

### ထီဆုကံထူးခြင်းနှင့် ဆုငွေထုတ်ယူခြင်း

- ထီပေါက်ကြောင်း အကြောင်းကြားသည့် SMS
  ထီထိုးထားသူ၏ လက်မှတ်သည် ထီပေါက်ပါက Aungbarlay SMS မှ တစ်ဆင့် အကြောင်းကြားစာ ရရှိမည်ဖြစ်ပါသည်။
- ထီဆုငွေ ထုတ်ယူခြင်း
  ကျပ်(၁၀)သိန်းနှင့် (၁၀)သိန်းအောက် ထီပေါက်ခဲ့ပါက ထီပေါက်သူ၏ အကောင့်ထဲသို့ ထီဆုငွေကို တိုက်ရိုက်လွှဲပေးမည်ဖြစ်ပြီး ကျပ် ၁၀ သိန်းအထက် ထီပေါက်ခဲ့ပါက ရန်ကုန်၊ မန္တလေးရှိ အောင်ဘာလေ (ရုံးချုပ်)များသို့ သွားရောက်ထုတ်ယူရမည် ဖြစ်ပါသည်။



19

### အသုံးပြုသူအား ဝန်ဆောင်မှုပေးခြင်း

**VIBER & TELEGRAM (ဆိုရှယ်မီဒီယာ)**

- တရားဝင် အွန်လိုင်းချန်နယ်များ၊ ဆိုရှယ်မီဒီယာများမှ တစ်ဆင့် သိရှိလိုသည်များ၊ အခက်အခဲများကို ၂၄ နာရီ ဖြေဆိုကူညီ ဆောင်ရွက်ပေးပါမည်။




**HOTLINE SERVICE**

- Mytel Hotline No. 777
- အခြား Operator Hotline No. 09677000777

**Email**

- abl@support.com.mm

20

aungbarlay.ird.gov.mm အောင်ဘာလေ အွန်လိုင်းထီ Application ကို Download ပြုလုပ်ရန် QR ကို ဖတ်ပါ။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ ပေကျင်း၌ တွေ့ဆုံ



ပေကျင်း ဇွန် ၁၈

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ကျင်းဂန်းနှင့် ပေကျင်း၌ တွေ့ဆုံကြောင်း၊ ဘလင်ကန်သည် တရုတ်နိုင်ငံသို့ သွားရောက်သည့် သမ္မတ ဘိုင်ဒင် အစိုးရအဖွဲ့၏ ပထမဆုံးအဖွဲ့ဝင် ဖြစ်လာခဲ့ကြောင်း သိရသည်။**

**နိုင်ငံတော်ဧည့်ရိပ်သာ၌ လက်ခံကြိုဆို**

ဘလင်ကန်သည် ပေကျင်းမြို့ရှိ လေဆိပ်တစ်ခုသို့ ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ရောက်ရှိလာခဲ့ပြီး ကျင်းဂန်းက ၎င်းအား မြို့တော်ပေကျင်းတွင် မွန်းလွဲ ၂ နာရီခွဲက နိုင်ငံတော်ဧည့်ရိပ်သာ၌ လက်ခံကြိုဆိုသည်။ ဘလင်ကန်နှင့် ကျင်းဂန်းတို့သည် ၎င်းတို့၏ နိုင်ငံတော်အလံများရှေ့တွင် လက်ဆွဲနှုတ်ဆက်ကြပြီးနောက် သတင်းထောက်များအား စကားပြောကြားခြင်းမရှိဘဲ အစည်းအဝေး ကျင်းပမည့်နေရာသို့ ဆက်လက် ထွက်ခွာသွားသည်ဟု ဆိုသည်။

**ဘလင်ကန်သည် ဝမ်ယိနှင့်လည်း တွေ့ဆုံဖွယ်ရှိ**

၎င်းတို့ အစည်းအဝေးအစီအစဉ်တွင် နှစ်နိုင်ငံဆက်ဆံရေးအပြင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခကိစ္စရပ်များ ပါဝင်ဖွယ်ရှိသည်။ ဘလင်ကန်သည် ဇွန် ၁၉ ရက်အထိ ပေကျင်းတွင် ရှိနေမည်ဖြစ်ပြီး တရုတ်ထိပ်တန်းသံတမန် ဝမ်ယိနှင့်လည်း တွေ့ဆုံသွားဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ လက်ဆွဲနှုတ်ဆက်စဉ်။

# ဇမ်ဘီယာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာ

**လူဆာကာ ဇွန် ၁၈**

အာဖရိကတောင်ပိုင်းနိုင်ငံဖြစ်သည့် ဇမ်ဘီယာနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၀၈ ဦး တွေ့ရှိသဖြင့် ကပ်ရောဂါ တစ်ဟုန်ထိုးတိုးမြင့်လာသည်ကို တွေ့မြင်ရကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံ၌ မေ ၁၆ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာသည်ကို တွေ့ရကြောင်း ကျန်းမာရေးဝန်ကြီး ဆယ်ဗီယာ မာစီဘိုက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။ ဇမ်ဘီယာနိုင်ငံ၌ ၇၄ ရက်ကျော်အတွင်း ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူမရှိဘဲ ယခုတစ်ပတ်အတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ နှစ်ဦးရှိကြောင်း ၎င်းကဆက်လက်ပြောသည်။ ရာသီဥတုအေးလာခြင်းကြောင့် ကူးစက်မှုမြင့်မားလာခြင်းဖြစ်နိုင်သည်ဟု အာဏာပိုင်များက ပြောကြားသည်။ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ တားဆီးကာကွယ်ရေးလမ်းညွှန်ချက်များကို လိုက်နာရန် ကျန်းမာရေးဝန်ကြီးက ပြည်သူများအား တိုက်တွန်းထားသည်။ **ဆင်ဟွာ**



# အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူ ၃၄ ဦးရှိ

**နယူးဒေလီ ဇွန် ၁၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူ ၃၄ ဦးရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

အပူချိန်လွန်ကဲမှုကြောင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၏ မြို့တော်လပ်ခ်နောင်း၏ အရှေ့တောင်ဘက် ၄၁၂ ကီလိုမီတာခန့်အကွာ ဘယ်လီယာခရိုင်ရှိ ဆေးရုံတစ်ခု၌ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ထားသည်။ အပူချိန်လွန်ကဲမှုကြောင့် ဇွန် ၁၅ ရက်က သေဆုံးသူ ၂၃ ဦးနှင့် ဇွန် ၁၆ ရက်တွင် ထပ်မံသေဆုံးသူ ၁၁ ဦးရှိသည်ဟု ထုတ်ပြန်ထားကြောင်း၊ သေဆုံးသူအားလုံးမှာ အသက်အရွယ်ကြီးရင့်သူများဖြစ်ကြောင်း ဘယ်လီယာ ခရိုင်ကျန်းမာရေးဆိုင်ရာအရာရှိချုပ် ဂျာရန်ကူးမားက ပြောသည်။ ဒေသတွင်း ကျန်းမာရေးအာဏာပိုင်များက ပြည်သူများ အထူးသဖြင့် အသက် ၆၀ နှင့်အထက်များကို အိမ်တွင်း၌နေထိုင်ရန် တိုက်တွန်းထားသည်။ အိန္ဒိယမိုးလေဝသဌာနက နောက်လေးရက်အတွင်း နိုင်ငံ၏အရှေ့ပိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် အပူလှိုင်းသတိပေးချက်ကို ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# လူပေါင်း ၁၂၀ တင်ဆောင်လာသည့် ဖိလစ်ပိုင်ရေယာဉ် မီးလောင်မှုဖြစ်ပွား

**မနီလာ ဇွန် ၁၈**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဘိုဟိုးပြည်နယ်တွင် ဇွန် ၁၈ ရက် နံနက်ပိုင်းက လူပေါင်း ၁၂၀ လိုက်ပါလာသည့် ရေယာဉ်မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ် (ပီစီဂျီ) က ပြောသည်။

**ရေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအားလုံး လုံခြုံ**

မီးလောင်မှု ဖြစ်ပွားခဲ့သော်လည်း ရေယာဉ်အမှုထမ်းများနှင့် ခရီးသည်များအားလုံး လုံခြုံစိတ်ချရကြောင်း စီဘူးမြို့ရှိ ကမ်းခြေစောင့်စခန်းမှ ဆင်ဟွာသို့ ပြောသည်။ နံနက် ၄ နာရီ မိနစ် ၃၀ ခန့်က ရေယာဉ် မီးစတင်လောင်ခဲ့ပြီး တက်ဘလာရန် ဆိပ်ကမ်းမြို့သို့ ချဉ်းကပ်လာစဉ် မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ပီစီဂျီမှ ပြောရေးဆိုခွင့်ရှိသူ အာမန်ဒို ဘာလီလို က ပြောသည်။

**မီးလောင်မှုကို ငြိမ်းသတ်ရန် ငါးနာရီကြာ**

ရေယာဉ်ပေါ်၌ ခရီးသည် ၅၅ ဦးမှ ၆၅ ဦးအထိ လိုက်ပါလာသည်ဟု ကနဦးတွင် ပြောကြားခဲ့သည်။ နောက်ပိုင်းတွင်မူ မီးလောင်မှုဖြစ်ပွားစဉ် ရေယာဉ်ပေါ်၌ ခရီးသည်နှင့် ရေယာဉ်အမှုထမ်း ၁၂၀ ထက်မနည်း လိုက်ပါလာသည်ဟု ဘိုဟိုးရှိ ကမ်းခြေစောင့်စခန်းက လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။ မီးလောင်မှုကို ငြိမ်းသတ်ရန် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်အနေဖြင့် ငါးနာရီကြာ အချိန်ယူခဲ့ရသည်။ ရေယာဉ်များ မီးလောင်မှုမှာ ဖိလစ်ပိုင်တွင် မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ **ဆင်ဟွာ**




ကူးတို့ရေယာဉ် မီးလောင်နေသည်ကို တွေ့ရစဉ်။

# ဘရာဇီးနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ရှစ်ဦးအထိရှိပြီး ၁၉ ဦး ပျောက်ဆုံး

**ဆော်ပိုလို ဇွန် ၁၈**

ဘရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီ ဒိုဆူးလ်ပြည်နယ်တွင် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးမှုဖြစ်ပေါ်ပြီး သေဆုံးသူ ရှစ်ဦးရှိကာ ၁၉ ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်သည်ဟု သိရသည်။



မြို့နယ်ပေါင်း ၄၀ တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ၊ ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ မုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၂၃၃၀ ကို ကယ်တင်ခဲ့ရပြီး ၆၀၂ ဦးကို နေရပ်ရွှေ့ပြောင်းပေးခဲ့ရသည်။ လူပေါင်းသန်းတစ်ဝက် နီးပါးမှာလည်း လျှပ်စစ်မီး ပြတ်တောက်မှုဒဏ်ခံစားနေရသည်ဟု ပြည်နယ်၏ ပြည်သူ့ကာကွယ်ရေးဌာနက ပြောသည်။

အဆိုပါမုန်တိုင်းဒဏ်ခံ ဒေသများကို ဗဟိုမှ ထောက်ပံ့ကူညီမှုများ ပေးသွားမည်ဟု ဘရာဇီးသမ္မတ လူဝီအနာစီယို လူလာ ဒါဆေးဗားလ်က ကတိပြုပြောကြားခဲ့သည်။

**ဆင်ဟွာ**

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Gerund (ကြိယာနာမ်) အကြောင်းကို ဆက်လက်ဖော်ပြလိုက်ပြီး လေ့ကျင့်ခန်းများနဲ့ ထပ်မံအားဖြည့်ထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about “Spending habits and saving money” ငွေသုံးစွဲသည့်အကျင့်နှင့် ငွေစုဆောင်းခြင်းတို့အကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

Gerund ကိုသာသုံး၍ Infinitive ကိုသုံး၍မရသော ကြိယာများကို အရင်အပတ်ကဖော်ပြလိုက်ပါတယ်။ ဒီတစ်ပတ်မှာတော့ သူတို့နဲ့ သက်ဆိုင်တဲ့ နမူနာဝါကျများနဲ့ လေ့ကျင့်ခန်းများကို ပြည့်ပြည့်စုံစုံလေး ဖော်ပြလိုက်ပါတယ်။

- Avoid gambling.
  လောင်းကစားခြင်းကို ရှောင်ပါ။
- Keep moving.
  ဆက်သွားပါ။
- He denied having stolen my watch.
  ငါ့နာရီခိုးခဲ့တာကို သူငြင်းခဲ့တယ်။
- I dislike asking him questions.
  သူ့ကို မေးခွန်းတွေ မေးရတာ ငါမကြိုက်ဘူး။
- We enjoyed swimming in the lake.
  ရေကန်ထဲမှာ ရေကူးရတာ ပျော်တယ်။
- Have you finished writing your essay?
  မင်းစာစီစာကုံး ရေးပြီးပြီလား။
- Would you mind waiting for me for a few minutes.
  ငါ့ကို မိနစ်အနည်းငယ် စောင့်ပါလား။
- Please stop making that noise.
  ကျေးဇူးပြုပြီး ဆူညံသံကို ရပ်လိုက်ပါ။
- Do you suggest going on a picnic?
  ပျော်ပွဲစားသွားဖို့ မင်းအကြံပေးလား။
- He resented being punished by the teacher.
  ဆရာ သူ့ကို အပြစ်ပေးခဲ့တာကို သူနာကြည်းခဲ့တယ်။
- I can't bear waiting any longer.
  ထပ်ပြီးစောင့်ဖို့အတွက် ငါသည်းမခံနိုင်တော့ဘူး။
- She couldn't help being late.
  နောက်ကျသွားတာကို သူမတတ်နိုင်ဘူး။
- I can't stand seeing you suffer.
  မင်းဝေဒနာခံစားနေရတာ ငါမကြည့်ရက်ဘူး။

**Exercise (1) Change the verbs in the brackets to Gerunds.**

1. ………………… (Walk) is a good exercise for the elderly.
2. Tina is very good at ………………… (paint).
3. Sarah enjoys ………………… (dance).
4. ………………… (Watch) movies is my favourite pastime.
5. My grandmother enjoys ………………… (garden).
6. I am going …………………(boat) with my father this weekend.
7. John and Gopal went ………………… (fish) and caught a large snapper.
8. My sister hates ………………… (get) up early.
9. ………………… (Read) is a good habit and will improve your Englihs.
10. Do you like ………………… (cycle)?

**Exercise (2) Gerund Phrases**

**Complete the Gerund Phrases by filling in the blanks.**

1. Mike and I will be going horse …………………
2. Please put the plates on the ………………… table.
3. Mother is frying an egg in the ………………… pan.
4. Siti is gazing at her reflection in the …………….. glass.
5. Peter is very good at race car …………………
6. I am meeting Alice at the rink for some ice …………………
7. Please get your grandmother's ………………… aid as she cannot hear you without it.
8. Please cut some newspaper ………………… for your project.
9. Mother and I enjoy bread ………………… We will make some for you, if you like.
10. Trout ………………… is popular among fishermen in some countries.

**The Participles** (ကြိယာနှင့် နာမဝိသေသန သဘောနှစ်မျိုးဆောင်ခြင်း)

**There are two forms of Participles:**

Participles (ကြိယာနှင့်နာမဝိသေသန သဘောနှစ်မျိုးဆောင်ခြင်း) နှစ်မျိုးရှိသည်။

- Present Participle (Ving)
  e.g. going, coming
- Past Participle (Ved/en)
  e.g. boiled, broken

## VOCABULARY (SYNONYMS)

1. scorn = despise (အထင်အမြင်သေးသည်။)
2. seldom = rarely (ကြုံတောင့်ကြုံခဲ၊ ဖြစ်တောင့်ဖြစ်ခဲ)
3. sever = separate (လမ်းခွဲသည်။ ဖြတ်သည်။)
4. significance = importance (အလွန်အရေးပါခြင်း)
5. sin = offence (ပြစ်မှု)
6. sleek = smooth (ချောမွတ်တောက်ပြောင်သော)
7. slender = slim (ကျစ်လျစ်သွယ်လျသော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION

### Shortest way to talk about "Spending habits and saving money"

**ဒီတစ်ပတ်မှာတော့ "Spending habits and saving money" ငွေသုံးစွဲသည့်အကျင့်နှင့် ငွေစုဆောင်းခြင်းတို့အကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about "Spending habits and saving money" ဆိုပြီးဖော်ပြလိုက်ပါတယ်။**

**Conversation**

**Spending habits and saving money**

Lucy: Oh wow, look at that jacket! I've wanted one like that forever! I think I'll buy it. Can we go into the store?

James: Yeah, that's nice. Let's take a look.

Lucy: Oh, here it is. Let me try it on.

James: Looks good. What does the price tag say? Oh my goodness, $200!

Lucy: Oh, that's a lot, but I need it. I think I'll buy it anyway.

James: Are you sure? You could buy that somewhere else for a fraction of the cost.

Lucy: No, I like splashing the cash. Last week I went to buy some new bed sheets. They cost me $ 150 in the end.

James: What?

Lucy: They were just so comfortable.

James: That's so much money. Do you ever have any money left at the end od the month?

Lucy: No, I've usually spent it. Why? Do you?

James: Always! Buying items new or at full price is not necessary. If you wait a few weeks, that jacket will be on sale.

Lucy: That's a point. How else do you save money?

James: I only generally buy things I need and for items I want, I look to buy second-hand. Often they're just as good as new. If not, I scour the sale items. And I find it quite fun coming across an absolute bargain.

Lucy: Oh OK, that's a good idea.

James: It also means I can put money aside, into my savingsaccount, or towards a holiday.

Lucy: Now we're talking! Maybe I don't need this jacket after all.

**Language Focus**

**I think I'll buy it.**

၁။ ငါဝယ်သင့်တယ်လို့ ထင်တယ်ဆိုပြီး ပြောတာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုခုလုပ်သင့်တယ်၊ ဖြစ်သင့်တယ်လို့ ပြောရင် I think I'll ……….. နဲ့ပြောနိုင်ပါတယ်။ I think ရဲ့နောက်မှာတော့ I'll + Vinf လိုက်ပါတယ်။ ဥပမာ –

- I think I'll buy it.
- I think you'll do it.
- I think I'll make a decision to get married.

**Let's take a look.**

၂။ လိုက်ကြည့်ကြစို့ဆိုပြီး ပြောတဲ့ပုံစံမျိုးဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုခုလုပ်ကြစို့ဆိုပြီး ဆော်ဩတိုက်တွန်းပြီးပြောတဲ့အခါမှာ ဒီလိုပုံစံမျိုး သုံးနိုင်ပါတယ်။ ဥပမာ –

- Let's go for a walk.
- Let's dance together.
- Let's do exercises.

**Let me try it on.**

၃။ ဒါကို စမ်းဝတ်ကြည့်မယ်ဆိုပြီး ပြောထားတာဖြစ်ပါတယ်။ ကိုယ်မလုပ်ဖူးတဲ့ တစ်ခုခုကို စမ်းလုပ်ကြည့်မယ်။ ကြိုးစားလုပ်ကြည့်မယ်။ စမ်းစားကြည့်မယ် စသည်ဖြင့် ပြောတဲ့နေရာမှာ သုံးလေ့ရှိတဲ့ စကားပြောပုံစံဖြစ်ပါတယ်။ ဥပမာ –

- Let me try it on.

**that's a good idea.**

၄။ ဒါကောင်းတဲ့စိတ်ကူးပဲ၊ ဒါကောင်းတဲ့အကြံပဲလို့ ပြောချင်ရင်သုံးတဲ့ စကားပြောပုံစံဖြစ်ပါတယ်။ တစ်ယောက်ယောက်က တစ်ခုခုပြောတဲ့အပေါ် ကိုယ်က သဘောတူထောက်ခံတဲ့အနေနဲ့ ပြောတဲ့ပုံစံမျိုးဖြစ်ပါတယ်။ ဥပမာ –

- That's a good idea.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဂိမ်းနံ့အတွင်းက ထောက်ပို့ကလစ်ကာများ

စွမ်းပြည့်

လူငယ်ဘဝမှာ အရေးကြီးဆုံးအချက်က အနာဂတ်ရဲ့လူငယ်လေးတွေ လမ်းမှားမရောက်ရေးပါပဲ။ ဒီခေတ်ဒီကာလက ပိုလို့အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကိုယ် မဖျက်ဖို့၊ အဖျက်ဆီးမခံရဖို့ဖြစ်ပါတယ်။ အများစုက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာတွေကြားမှာ ရုန်းကန်နေကြရတယ်။ တချို့ ဘဝရပ်တည်ဖို့ ခက်ခဲနေကြရတယ်၊ စိန်ခေါ်မှုမြောက်မြားစွာနဲ့ ကြုံတွေ့နေကြရတယ်။ တချို့က ကိုယ့်ကိုယ်ကိုယ် လမ်းစပျောက်နေတယ်လို့ ထင်ကြတယ်။ တကယ်က မပျောက်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ထင်နေတာပါ။ မဖြေရှင်းတတ်ကြတာ၊ ဖြေရှင်းဖို့နည်း မသိကြတာ၊ တိုးတက်ရာလမ်း မရှာတတ်ကြတာပါပဲ။ အဲဒီတော့ လမ်းမှားမှာ တဝဲလည်လည် ဖြစ်နေကြရတယ်။ အမုန်းစကားတွေကြား ဝေခွဲမရ၊ စာမဖတ်အား၊ လေ့လာအားနည်းတော့ အမှား အမှန်မသိ၊ အကောင်းမြင်နိုင်စွမ်းမရှိ၊ ဆင်ခြင်နိုင်စွမ်းမသိ၊ နောက်ဆုံးမှာ မဟုတ်တာ၊ မကောင်းတာ၊ အကျိုးမရှိတာတွေနဲ့ပဲ အချိန်ဖြုန်းကြရင်းက.... ။

### အကြမ်းဖက်လမ်းစဉ်အောက်က Online Game

Online Game တစ်ခုဟာ နောက်ဆုံးမှာသူတို့ရဲ့ အချိန်ဖြုန်းကိရိယာ ထွက်ပေါက်တစ်ခုဖြစ်လာတယ်။ အွန်လိုင်းဂိမ်းအမျိုးအစားများစွာအနက် pdf game အမျိုးအစားတစ်ခုဟာဖြင့် ယနေ့လူငယ်တချို့ရဲ့အမုန်းတွေ၊ အာဃာတတွေ ဖြေရှင်းရာလက်နက်တစ်ခုဖြစ်လာတယ်။ တချို့မသိစိတ်မှာ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစိတ်လေးတွေရှိနေတယ်။ တချို့က တော်လှန်ရေးခေါင်းစဉ်အမျိုးမျိုးတပ်ထားပေမယ့် လုပ်ရပ်က အကြမ်းဖက်ပုံစံအမျိုးမျိုးဖြစ်နေတယ်။ တော်လှန်လိုစိတ်ရှိသော်ငြား လုပ်ရပ်က အကြမ်းဖက်လုပ်ရပ်တွေသာ ဖြစ်နေပြီး တပ်မတော်နဲ့ လုံခြုံရေးအဖွဲ့တွေရဲ့ ထိခိုက်မှုက နည်းနည်း၊ အများဆုံးက အပြစ်မဲ့ပြည်သူတွေ၊ ဘုန်းကြီးသံဃာတွေ၊ ကျောင်းဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ် လူမမည်တွေ၊ တချို့ ဆရာဝန်သူနာပြုတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အပြစ်မဲ့လူထုလူတန်းစားပေါင်းစုံ ဘာကျန်မလဲ။ ထောင်နဲ့ချီ၊ သောင်းနဲ့ချီ သတ်လိုက်ကြတာ..ပျက်စီးသွားတဲ့ စာသင်ကျောင်း၊ သာသနိကအဆောက်အအုံတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေ၊ ကျေးရွာရပ်ကွက် အိမ်ခြေအမြောက်အမြား.. ဒါတွေပါပဲ၊ အကြမ်းဖက်လမ်းစဉ်နဲ့ အကြမ်းဖက်လုပ်ရပ်ဆိုတာ။

❖ မိမိကိုယ်တိုင် အဲဒီ pdf game မှာ ပါဝင်မိပြီဆိုရင် မိမိရဲ့ ဂိမ်းကလစ်တစ်ခုက လူသတ်အားပေးဖြစ်မှန်းမသိ ဖြစ်သွားပါပြီလို့ ဆိုလိုက်ပါရစေ။ နောင်သံသရာအဆက်ဆက် ပါဏာတိပါတာကံ ကျူးလွန်လျက်က အပါယ်ငရဲ သက်ဆင်းလျက်သားဖြစ်သွားပါပြီ။ မိမိဘက်က ဘာအကျိုးတရားတွေ ရလိုက်ပါသလဲ။ ဘာမှကို ရစရာမရှိတာပါ။ သတ်ချင်ဖြတ်ချင်စိတ်သာ များလာမယ်။ အနုနည်း၊ ငြိမ်းချမ်းသောနည်းနဲ့ ဖြေရှင်းဖို့ မကြိုးစား၊ အရာရာ အကြမ်းနည်းနဲ့သာ ဖြေရှင်းတတ်လာပြီး လူသတ်အားပေးမိတဲ့အတွက် အကုသိုလ်ငရဲသာရပါတယ်။ နောက်ဆုံး အချိန်ကုန်တယ်၊ ပိုက်ဆံကုန်မယ်၊ မျက်စိထိခိုက်၊ ခေါင်းကိုက်ခါးကိုက်မယ်၊ ထမင်းမေ့ဟင်းမေ့ အာဟာရချို့တဲ့မယ်

### နောက်ဆက်တွဲ ဆိုးဆိုးရွားရွားတွေနဲ့ ဘာမှကောင်းစရာမရှိတဲ့ဂိမ်း

ဒါကြောင့် **မိမိကိုယ်တိုင် အဲဒီ pdf game မှာ** ပါဝင်မိပြီဆိုရင် မိမိရဲ့ ဂိမ်းကလစ်တစ်ခုက လူသတ်အားပေးဖြစ်မှန်းမသိ ဖြစ်သွားပါပြီလို့ ဆိုလိုက်ပါရစေ။ နောင်သံသရာအဆက်ဆက် ပါဏာတိပါတာကံ ကျူးလွန်လျက်က အပါယ်ငရဲသက်ဆင်းလျက်သားဖြစ်သွားပါပြီ။ မိမိဘက်က ဘာအကျိုးတရားတွေ ရလိုက်ပါသလဲ။ ဘာမှကို ရစရာမရှိတာပါ။ သတ်ချင်ဖြတ်ချင်စိတ်သာ များလာမယ်။ အနုနည်း၊ ငြိမ်းချမ်းသောနည်းနဲ့ ဖြေရှင်းဖို့ မကြိုးစား၊ အရာရာ အကြမ်းနည်းနဲ့သာ ဖြေရှင်းတတ်လာပြီး လူသတ်အားပေးမိတဲ့အတွက် အကုသိုလ်ငရဲသာရပါတယ်။ နောက်ဆုံးအချိန်ကုန်တယ်၊ ပိုက်ဆံကုန်မယ်၊ မျက်စိထိခိုက်၊ ခေါင်းကိုက်ခါးကိုက်မယ်၊ ထမင်းမေ့ဟင်းမေ့ အာဟာရချို့တဲ့မယ်။

ဂိမ်းဆိုတာ စွဲတဲ့သဘောရှိတော့ ဦးနှောက်ထိခိုက်မယ်၊ စိတ်ခံတက်ကျ၊ အထီးကျန်၊ အစွဲလွန်၊ အိပ်မပျော် ကြောင်တောင်တောင်ဖြစ်မယ်။ သည်းခံစိတ်၊ ကိုယ်ချင်းစာစိတ်တွေ နည်းလာပြီး ပေါင်းသင်းဆက်ဆံရေး ပျက်ယွင်း၊ လူမှုရေးတာဝန်တွေ လစ်ဟင်းမယ်။ ကျောင်းစာတွေ ပျက်ကွက်၊ ဥာဏ်တွေတုံး၊ ပညာရေးနှောင့်နှေးမယ်၊ တောက်လျှောက်အထိုင်များတော့ သွေးလေးမယ်၊ လူက ဝလာမယ်၊ အဆီပိတ်မယ်၊ သွေးတိုးဆီးချိုရမယ်၊ နှလုံးသွေးကြောပိတ်မယ်၊ နောက်ဆုံးငယ်ငယ်ရွယ်ရွယ်နဲ့ အသက်တိုမယ်။ ကဲ.. ဘာကောင်းတာရှိမလဲ၊ ကိုယ့်အတွက်လည်းမကောင်း၊ အများအတွက်လည်း မကောင်း၊ မိသားစုတာဝန်၊ လူမှုရေးတာဝန်မကျေပွန်၊ ကိုယ့်ကြောင့် လူတွေ သေကျေထိခိုက်ပျက်စီးရ၊ ဘဝတွေပျက်ကြရ။

### ဖြစ်စေချင်တဲ့စေတနာ

ဆိုလိုတာက လူငယ်တွေကို လမ်းမှားမရောက်စေချင်၊ လမ်းမှန်ကိုသာ ပို့ချင်တဲ့စေတနာနဲ့ပါ။ ဂိမ်းစွဲလူငယ်တွေကတော့ ထင်မှာပေါ့။ သူတို့လုပ်ရပ်က တော်လှန်ရေးကို ထောက်ပို့လုပ်နေတာ၊ တော်လှန်ရေးကလစ်ကာတွေပေါ့။ digital striker တွေပေါ့၊ တော်လှန်ရေးကလစ်ကာကနေ အကြမ်းဖက်၊ လူသတ်ကလစ်ကာတွေ ဖြစ်နေမှန်း မသိရှာဘူး။ တချို့ထင်ကြတယ်၊ နည်းပညာအသစ်တွေနဲ့ ကစားတာဆိုတော့ သူတို့လုပ်ငန်းကို လွယ်လွယ်နဲ့ သိနိုင်စရာအကြောင်းမရှိဘူး။ **pdf game** ကစားလို့ ဥပဒေအရ အရေးယူခံရနိုင်တယ်ဆိုတာ.. ကြောက်စရာမလိုဘူး။ ခြိမ်းခြောက်နေတာ စသဖြင့် ဘာညာဘာညာ..။ စဉ်းစားရမှာက နည်းပညာပိုင်းမဟုတ်၊ **high tech** တွေကြောင့် လုံခြုံမှုရှိတယ်၊ ဘယ်လိုမှခြေရာခံလို့လည်းမရဘူး စသဖြင့် ဒါတွေကြောင့်လည်း မဟုတ်ပါဘူး။ အဓိကက ဆင်ခြင်တုံတရား.. လူသားတစ်ယောက်မှာ ထားရှိရမယ့် လူသားဝတ္တရား တာဝန်ကျေပွန်မှု၊ အကြင်နာ၊ စာနာ၊ သနားငဲ့ညှာမှု၊ ကိုယ့်ကြောင့် သူတစ်ပါး မိသားစုဘဝတွေ မပျက်စီးစေလိုမှု၊ ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို အများအတွက် ပရဟိတစိတ်နဲ့ အသုံးချလိုစိတ်ရှိမှု၊ ကိုယ့်ကိုယ်ကိုယ်ကျန်းမာအောင်နေတတ်မှု၊ ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားမှု၊ ဒါကိုပဲဖြစ်စေချင်တာ။

### မိဘတွေအနေနဲ့လည်း လေ့လာစောင့်ကြည့်သင့်တဲ့အရာ

နိုင်ငံတော်က အကြမ်းဖက်လုပ်ငန်းတွေ ရပ်တန့်သွားအောင်၊ အပြစ်မဲ့ပြည်သူတွေ မသေအောင် **pdf game application** အသုံးပြုသူတွေကို ထိထိရောက်ရောက်အရေးယူမယ်လို့ အကြိမ်ကြိမ် ထုတ်ပြန်ထားတဲ့ ကြေညာချက်တွေကို ပြည်သူအားလုံးက အလေးအနက်ဂရုပြုသင့်တယ်လို့ ထင်ပါတယ်။ မှန်ပါတယ်။ လူသတ်သမားတွေဆီရောက်မယ့် ဝင်ငွေလမ်းကြောင်းကို ဖြတ်တောက်ချင်လို့ပါပဲ။ သူတို့ကတော့ ပြောပါလိမ့်မယ်၊ နိုင်ငံတော်က ထုတ်ပြန်ကြေညာချက်တွေကို ဂရုစိုက်စရာမလိုဘူး၊ ထောက်ပို့ကလစ်ကာတွေကို မရပ်ပါနဲ့၊ မကြောက်ပါနဲ့ စည်းရုံးသိမ်းသွင်းပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် အခုလို **pdf game click** တွေကြောင့် သူတို့ဆီဝင်တဲ့ဝင်ငွေတွေဟာ လအလိုက် သိန်းချီထောင်ချီ ပမာဏများပြားတဲ့အတွက်ကြောင့်ပါပဲ။ ဒီလို သိန်းထောင်ချီပမာဏရနေတဲ့ ဝင်ငွေ ရပ်တန့်သွားမှာ သေမလောက်ကြောက်ပါတယ်။ ဒါကြောင့် ပြောပါတယ်၊ ကိုယ့်ရဲ့ ကလစ်တစ်ခုကြောင့် ဒီလိုအကြမ်းဖက်ဖြစ်စဉ်တွေမှာ ပါဝင်သွားမိတယ်ဆိုရင် အလွန်ကို မိုက်မဲရာကျတာပေါ့။ မိဘတွေအနေနဲ့လည်း မိမိတို့သားသမီးတွေရဲ့ ဂိမ်းကစားတဲ့အလေ့အထကို လေ့လာစောင့်ကြည့်သင့်ပါတယ်။ သာမန်ရိုးရိုးဂိမ်းကစားတာက အကြောင်းမဟုတ်ပါဘူး။ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ သွယ်ဝိုက်ပတ်သက်ပြီး မိမိရဲ့သားသမီးတွေ ကိုယ်တိုင်ပါဝင်ပတ်သက်နေလို့ ဒါမှမဟုတ် အရေးယူခံရတဲ့အခြေအနေ၊ ဒီအခြေအနေတွေကြောင့် နောက်မှ နောင်တရ၊ ဝမ်းနည်းစရာအဖြစ်တွေမဖြစ်အောင် ကြိုတင်ဗဟုသုတရှိပြီး မိမိသားသမီးတွေကို ထိန်းကျောင်းသင့်တယ်လို့ ယူဆမိပါတယ်။

✪ ဆိုလိုတာက လူငယ်တွေကို လမ်းမှားမရောက်စေချင်၊ လမ်းမှန်ကိုသာ ပို့ချင်တဲ့စေတနာနဲ့ပါ။ ဂိမ်းစွဲလူငယ်တွေကတော့ ထင်မှာပေါ့။ သူတို့လုပ်ရပ်က တော်လှန်ရေးကို ထောက်ပို့လုပ်နေတာ၊ တော်လှန်ရေးကလစ်ကာတွေပေါ့။ digital striker တွေပေါ့၊ တော်လှန်ရေးကလစ်ကာကနေ အကြမ်းဖက်၊ လူသတ်ကလစ်ကာတွေ ဖြစ်နေမှန်းမသိရှာဘူး။ တချို့ထင်ကြတယ်၊ နည်းပညာအသစ်တွေနဲ့ ကစားတာဆိုတော့ သူတို့လုပ်ငန်းကို လွယ်လွယ်နဲ့ သိနိုင်စရာအကြောင်းမရှိဘူး။ pdf game ကစားလို့ ဥပဒေအရ အရေးယူခံရနိုင်တယ်ဆိုတာ.. ကြောက်စရာမလိုဘူး။ ခြိမ်းခြောက်နေတာ စသဖြင့် ဘာညာဘာညာ..။ စဉ်းစားရမှာက နည်းပညာပိုင်းမဟုတ်၊ high tech တွေကြောင့် လုံခြုံမှုရှိတယ်၊ ဘယ်လိုမှခြေရာခံလို့လည်းမရဘူး စသဖြင့် ဒါတွေကြောင့်လည်း မဟုတ်ပါဘူး။ အဓိကက ဆင်ခြင်တုံတရား.. လူသားတစ်ယောက်မှာ ထားရှိရမယ့် လူသားဝတ္တရား တာဝန်ကျေပွန်မှု၊ အကြင်နာ၊ စာနာ၊ သနားငဲ့ညှာမှု၊ ကိုယ့်ကြောင့် သူတစ်ပါး မိသားစုဘဝတွေ မပျက်စီးစေလိုမှု၊ ကိုယ့်ရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို အများအတွက် ပရဟိတစိတ်နဲ့ အသုံးချလိုစိတ်ရှိမှု၊ ကိုယ့်ကိုယ်ကိုယ်ကျန်းမာအောင်နေတတ်မှု၊ ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားမှု၊ ဒါကိုပဲဖြစ်စေချင်တာ

### မြင်အောင်ကြည့်ရမယ့် ပီဒီအက်ဖ်ဂိမ်းစီးပွားရေး သမားတွေရဲ့ထောင်ချောက်

ဒီတော့ pdf game ဆိုတာ ဘယ်လို application လဲ၊ လေ့လာကြည့်တော့ ပီဒီအက်ဖ်တွေ သူတို့ကိုယ်တိုင်ထွင်ထားတဲ့ ဖြားယောင်းသိမ်းသွင်းခြင်းဂိမ်းတစ်မျိုးပါပဲ။ ဂိမ်းဆိုပေမယ့် ကြော်ငြာလည်းပါတယ်။ ဂိမ်းလည်းကစား ကြော်ငြာလည်းကြည့်ပေါ့။ ကြော်ငြာဆိုတာက Google နဲ့ ချိတ်ထားတာ၊ ကြော်ငြာအများစုက ယူကေနဲ့ ယူအက်စ်က လာတယ်ဆိုတော့ အပျက်သဘောဖန်တီးသူတွေရဲ့ ဘယ်လိုစေတနာဆိုးလဲ၊ သဘောပေါက်လွယ်မှာပါ။ ဂိမ်းက တိုက်ပွဲဂိမ်း၊ ပစ်ခတ်မှုတွေပါတယ်၊ တိုက်ပွဲတစ်ပွဲ ဘယ်လိုတိုက်မလဲ၊ အက်ပလီကေးရှင်းက သင်ပေးတယ်၊ လူငယ်တွေကိုဆွဲဆောင်တဲ့အနေနဲ့ ခေတ်မီသေနတ်မျိုးစုံကို ကိုင်တွယ်ရတယ်။ သွေးဆာနေသူတွေအတွက် ကျေနပ်စရာတော့ကောင်းတာပေါ့။ တိုက်ပွဲတစ်ပွဲအတွက် ကနဦးပေးထားတဲ့ကျည်က ၄၀၊ ၅၀ လောက်ပဲပါပါတယ်။ ဒီအခါ ပစ်ရခတ်ရတဲ့အခါ ဘယ်လိုမှမလောက်နိုင်ပါဘူး။ မလောက်ငအောင်လည်း တမင်ဖန်တီးထားတာ၊ အဲဒီအတွက် ကျည်အမြန်ဖြည့်ဖို့ လိုလာတယ်၊ ကျည်ဖြည့်တင်းဖို့ မဖြစ်မနေလုပ်ရမယ့်အလုပ်က ကြော်ငြာကို များများကြည့်ပေးဖို့ပါပဲ။ ကျည်ကုန်တိုင်း တက်လာတဲ့ကြော်ငြာကို ကြည့်ပေးရတယ်၊

*စာမျက်နှာ ၁၇ သို့*

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



ဇွန် ၁၈ ရက်က ရန်ကုန်မြို့နေ ဦးငွေအောင်- ဒေါ်ချိုမာဖြူ (20 Crowns Limited ) မိသားစုနှင့် အုန်းပင်ကျေးရွာမှ ဒါယကာ၊ ဒါယိကာများစုပေါင်း၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တနိမလ အရှင်သူမြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြေညာစာ အမှတ် -၂/၂၀၂၃ ဖြင့် ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်အတွက် ထပ်ဆင့်ဂုဏ၀ိသိဋ္ဌပူဇာမင်္ဂလာနှင့် ရှင်အပါး (၁၈၀) တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း အလှူမင်္ဂလာအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ မင်္ဂလာကံဦးကျောင်းတိုက်၌ ကျင်းပစဉ်။ အာကာလင်း

**နေပြည်တော် ဇွန် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နံ့တော်စဉ် ကျောင်းတိုက်နှင့် ဘုရားကြီးကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာ ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင် စာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋက မဟာသစ္စာ အောင်မြေကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ညောင်ရိပ်သာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ် ကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇောတိကာရာမ ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သာသနာ့ဝိပုလာရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ တောင်ပြင်ထီးလင်း ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးမြဂရုဏာ ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလရောင် ကျောင်းတိုက်များသို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**



မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်အပါအဝင် အခြားရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ နေ့စဉ်ဆွမ်းခံကြွတော်မူသော ဆရာတော်၊ သံဃာတော်များအား ဇွန် ၁၈ ရက်က မဟာမြိုင်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများက ၆၇-၆၈ ကြား သီပွံ့လမ်းပေါ်တွင် သံဃာအပါး ၃၀၀ စာ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများဖြင့် ဘုံဆွမ်းလောင်းလှူဒါန်းစဉ်။ ရွှေတိုး

## ကျောက်တော်မြို့နယ် ကျောက်တန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် သောက်သုံးရေဖြန့်ဝေ

**ကျောက်တော် ဇွန် ၁၈**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျောက်တော်မြို့နယ်အတွင်းမှ သောက်သုံးရေ အခက်အခဲရှိနေကြသော ကျေးရွာများသို့ သန့်ရှင်းသော သောက်သုံးရေများကို



စဉ်ဆက်မပြတ် ဖြန့်ဝေပေးလျက်ရှိရာ ဇွန် ၁၅ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ခိုင်ဇော် (လက်ထောက် ညွှန်ကြားရေးမှူး နည်းပညာ)နှင့် ဝန်ထမ်းများက ကျောက်တန်းကျေးရွာနေ အိမ်ထောင်စု ၁၁၄ စု၊ လူဦးရေ ၆၂၀ အတွက် သန့်ရှင်းသော သောက်သုံးရေများကို ဆိုလာရေသန့်စင်စနစ်ဖြင့် ကျေးရွာအရောက် မြေပြင်ကွင်းဆင်း သွားရောက်ကာ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ လွိုင်မွန်းတောင်ခြေ၌ ဇွန် ၁၆ ရက်က ကွန်ဟိန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ကျွန်း၊ မဲဇလီ၊ စိန်ပန်းပြာနှင့် မန်ကျည်းပင်များကို စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ထိခိုက်ဒဏ်ရာရှေးဦးပြုစုခြင်း (ဆင့်ပွား)သင်တန်းဖွင့်

**သဲကုန်း ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုခြင်း (ဆင့်ပွား) သင်တန်းကို ဇွန်၁၇ ရက်က အောင်ဆန်းစာကြည့်တိုက်အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။ အဆိုပါ သင်တန်းကို ဇွန် ၁၇ နှင့် ၁၈ ရက် နှစ်ရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းသား ၁၅ ဦးတက်ရောက်၍ သင်တန်းနည်းပြနှစ်ဦးက ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ဒဏ်ရာရရှိပါက အခြေခံရှေးဦးပြုစုနည်းများကို ပို့ချမည်ဖြစ်ကြောင်းသိရသည်။

**ကိုကျော် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ကျည်ကုန်တာကလည်းမြန်၊ ကြော်ငြာတစ်ခုကြည့်တိုင်းလည်း ကျည်က ၁၀ တောင့်လောက်ပဲ ဖြည့်ပေးတာ၊ ထပ်တလဲလဲဖြည့်လိုက်၊ ကုန်လိုက်၊ ကြည့်လိုက်ပေါ့။ ကျည်ကသာ အကုန်မြန်တာ၊ ကြည့်ရတဲ့ကြော်ငြာက တစ်ခါကြည့် ငါးမိနစ်၊ ၁၀ မိနစ် ကြာတယ်။ တကယ်လို့ ကိုယ်က ကြော်ငြာမကြည့်ဘူးဆိုပါစို့၊ သတ်မှတ်ထားတဲ့ အချိန်ပြည့်သွားရင် ကိုယ်က တိုက်ပွဲကျမှာပဲ၊ တိုက်ပွဲကျမှာစိုးလို့ မခံချင်ဘဲ ဆက်တိုက်ရင်လည်း ကိုယ့်ဘက်က ရှုံးသမျှပြောင်ဖို့ပဲ။ နောက်ဆုံးဂိမ်းကိုစွဲ၊ စီးပွားရေးသမားတွေရဲ့ လှည့်ကွက်ထဲမှာ ဂိမ်းဖန်တီးရှင် ပီဒီအက်ဖ်ရဲ့ သားကောင်ဘဝရောက်ရတာပါပဲ။ တိုက်ပွဲပစ်ခတ်ချိန်ထက် ကြော်ငြာကြည့်ချိန်က ပိုများနေတဲ့အခြေအနေက ပီဒီအက်ဖ်ဂိမ်းဖန်တီးသူတွေရဲ့ စီးပွားရေးကစားကွက်ပါပဲ။

### အမုန်းအာဃာတတွေရိုက်သွင်းရာ လက်နက်ကိရိယာတစ်ခုမျှသာ

ဒီအချက်ကို ဂိမ်းကစားတဲ့လူငယ်လေးတွေနဲ့ မိဘတွေ မြင်အောင်ကြည့်စေချင်တယ်၊ စီးပွားရေးသမားတွေအတွက်ကတော့ တစ်ချက်ခုတ် သုံး၊ လေးချက် ပြတ်သွားမလောက်ပါပဲ။ စီးပွားရေးအမြတ်အစွန်း၊ အကြမ်းဖက်အားပေးတာနဲ့ လူငယ်တွေရဲ့စိတ်ဓာတ်တွေကို အညွန့်ခူးရိုက်ချိုးလိုက်တာပါပဲ။ ဒီငွေတွေ စီးပွားရေးသမားတွေ လက်ထဲရောက်သွားတော့ ဘာလုပ်မလဲ၊ အကြမ်းဖက်လုပ်ဖို့ လူသတ်လက်နက်ပဲ ဝယ်မှာပေါ့၊ တိုင်းပြည်ပျက်ဖို့ ဖျက်ဆီးကြမှာပေါ့။ လူငယ်ရဲ့သဘောသဘာဝက စူးစမ်းချင်တယ်၊ သွေးဆူလွယ်တယ်၊ အသစ်အဆန်းဆိုလုပ်ကြည့်ချင်တယ်။ ဒီလက္ခဏာတွေက အဖျက်သမားတွေရဲ့အကြိုက်။ ကောင်းတဲ့ဘက်မှာဆို အလွန်အသုံးကျလောက်ပေမယ့် အကြမ်းဖက်စိတ်ဓာတ် ရိုက်သွင်းခံထားရတဲ့လူငယ်တွေအတွက်တော့ မီးလောင်ရာလေပင့် လောင်စာတစ်မျိုးဖြစ်သွားရော။ ဒီလိုအနေအထားမျိုးကတစ်ဆင့် အကြမ်းဖက် စစ်သွေးကြွပုံစံတွေဖြစ်လာမယ်၊ မိမိပစ်မှတ်တွေအပေါ် အလွန်ရင့်သီးတဲ့ အသုံးအနှုန်းတွေကို သုံးစွဲဖန်များလာတဲ့အခါ မိမိမသိစိတ်မှာ အမုန်းတွေ၊ အာဃာတတွေသာ ကြီးစိုးလာပါတော့တယ်။ ဒါဟာ အဖျက်သမားတွေ အလိုချင်ဆုံး ပျက်သုဉ်းရေး အမှတ်လက္ခဏာတွေပါပဲ။ ကျွန်တော်တို့အနေနဲ့ မိဘနေရာက သဘောထားပြီး ကျွန်တော်တို့ သားသမီးလူငယ်တွေကို ဒီလိုအခြေအနေဆိုးဆီ မရောက်စေချင်ပါဘူး။ ရောက်နေတဲ့ကလေးတွေကိုလည်း အချိန်မီဆွဲတင်နိုင်ရပါမယ်။

**နောက်ဆုံးပြောချင်တာက လူငယ်တွေအနေနဲ့ ရည်မှန်းချက်ရှိပါ။ ဒီအချိန်က အားလုံးမှာ ဖိစီးမှုတွေနဲ့ ကျပ်တည်းကြတာပါပဲ။ ဒါပေမယ့် ကိုယ့်ဘဝအနာဂတ်လှပဖို့ အခွင့်အလမ်းတစ်ခုခုတော့ ရှိနေမှာဖြစ်တဲ့အတွက် ပညာဉာဏ်အမြော်အမြင်နဲ့ အခွင့်အလမ်းကိုရအောင်ရှာပြီး ကိုယ့်အတွက် အားသာချက်တွေရအောင် ဖန်တီးပါလို့ တိုက်တွန်းချင်ပါတယ်။**

ပညာဉာဏ်အတွက်တော့ စာများများဖတ်၊ များများလေ့လာပါ။ ထောင့်စုံအောင်တွေးပါ၊ မိဘဆရာသမားစကားနားထောင်ပါ၊ မိမိကြောင့် မိမိ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဒုက္ခမရောက်ကြပါစေနဲ့။ အတွေ့အကြုံရှိသူတွေဆီက လေ့လာသင်ယူပါ၊ မေးမြန်းပါ၊ အကြံဉာဏ်တောင်းပါ။ အတိုင်းအတာတစ်ခုမှာ ပိုင်းခြားဆင်ခြင်သုံးသပ်တတ်လာပါလိမ့်မယ်။


နောက်ဆုံး အမှား၊ အမှန် ခွဲခြားတတ်လာပါလိမ့်မယ်။ ဘယ်ဟာအမှား ဘယ်ဟာအမှန်၊ ဆောင်ရန်ရှောင်ရန်နဲ့တကွ ဘာကိုတော့ လုပ်သင့်တယ်၊ ဘာကိုတော့ မလုပ်သင့်ဘူး ခွဲခြားတတ်လာပါလိမ့်မယ်။ အနည်းဆုံးတော့ အခုလိုကာလမှာ ပီဒီအက်ဖ်ဂိမ်းဆိုတာကြီးကို ဝေးဝေးက ရှောင်စေချင်ပါတယ်၊ လက်တည့်လည်း မစမ်းပါနဲ့၊ ပါဝင်ပတ်သက်နေမိရင်လည်း မြန်မြန်ခွာပါ၊ မိမိဖုန်းထဲ ထားသိုသိမ်းဆည်းထားတဲ့ ပီဒီအက်ဖ်ဂိမ်းအက်ပလီကေးရှင်းတွေကို အမြန်ဖျက်ပါ။ ရှာဖွေသိမ်းဆည်းခံရတဲ့အခါ အကြမ်းဖက်ဥပဒေအရ အရေးယူခံရနိုင်တဲ့ အခြေအနေနဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ဘဝနဲ့ယှဉ်ပြီး အလေးအနက်ထား စဉ်းစားကြပါ။

နောက်ဆုံးရဲ့နောက်ဆုံးမှာ မှာချင်တာတစ်ခုပဲ ရှိပါတယ်။ ကိုယ့်ဘဝမှာ ရွေးချယ်မှုမှန်မှန်ကန်ကန်နဲ့ ကိုယ့်ကိုယ်ကိုယ် နှစ်ရာရောက်မယ့်လမ်းကို မရွေးချယ်မိကြစေဖို့ပါပဲ…။ ။

# အောင်ဘာလေသိန်းဆုထီ နည်းလမ်းသုံးမျိုးဖြင့် ကံစမ်းနိုင်ပါပြီ

ပြည့်ဖြိုးအောင် (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)

**အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်းဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အောင်ဘာလေမိုဘိုင်းအက်ပလီကေးရှင်း (Aung Bar Lay Application) ကို အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် ထီကံစမ်းနိုင်ပြီဖြစ်ကြောင်း နိုင်ငံတော်ပိုင်သတင်းစာများ၊ ပြည်တွင်းသတင်းမီဒီယာများ၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဆိုက် (Website) စာမျက်နှာနှင့် IRD Facebook Page များတွင် အသိပေးကြေညာထားသည်ကို တွေ့ရသည်။**







အဆိုပါ အသိပေးကြေညာချက်များနှင့်အတူ မြန်မာနိုင်ငံရှိ ယခင်ထီဆိုင်များသို့ သွားရောက်၍ ထီလက်မှတ် ရွေးချယ်ဝယ်ယူကြရသည့် အောင်ဘာလေသိန်းဆုထီ ကံစမ်းမှုစနစ်သည် သတင်းအချက်အလက်နည်းပညာ (Information Technology) ကို အသုံးပြု၍ အချိန်မရွေး၊ နေရာဒေသမရွေး အက်ပလီကေးရှင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ ရွေးချယ်ဝယ်ယူနိုင်သည့် ထီကံစမ်းမှုစနစ်တစ်ခုအဖြစ် တစ်ခေတ်ဆန်းသစ်လာခဲ့သည်ကို သတိပြုမိစေလိုသည်။

**နည်းပညာအသုံးပြု အခွန်ပေးဆောင်မှုစနစ်များ အကောင်အထည်ဖော်လာစေရေး**

အောင်ဘာလေသိန်းဆုထီ ကံစမ်းမှုသာမက အခြားအခွန်ဆိုင်ရာ လုပ်ငန်းများတွင်လည်း သတင်းအချက်အလက်နည်းပညာ တိုးချဲ့အသုံးပြုခြင်းနှင့်အတူ အင်တာနက်ချိတ်ဆက်ရရှိသည့် မည်သည့်နေရာဒေသတွင်မဆို လုပ်ဆောင်နိုင်သည့်အတွက် အချိန်နှင့် ငွေကြေးကုန်ကျစရိတ် လျှော့ချသက်သာစေခြင်း၊ လုပ်ငန်းလုပ်ဆောင်မှုများကိုလည်း လျင်မြန်လွယ်ကူစွာ လုပ်ဆောင်နိုင်ခြင်းအစရှိသည့် အဆင်ပြေချောမွေ့မှုများ ရရှိလာသည်ကို တွေ့မြင်နိုင်သည်။

ပြည်တွင်းအခွန်များဦးစီးဌာန သတင်းအချက်အလက်နည်းပညာကို အကျိုးရှိစွာ အသုံးချ၍ အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ အခွန်ထမ်းများ၏ အခွန်ထမ်းမှတ်ပုံတင်ခြင်း (e-Registration Management System) ဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဝင်ငွေခွန်ကြေညာလွှာ၊ လစာနှစ်ချုပ်စာရင်း၊ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာများကို အခွန်ရုံးသို့ တင်သွင်းခြင်းဖြစ်သည့် အခွန်ထမ်းဆောင်မှုဆိုင်ရာလုပ်ငန်းစဉ်များ အစရှိသည်တို့ကို စီမံချက်များချမှတ်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပြီး အခြားအခွန်ဆိုင်ရာ ကိစ္စရပ်များကိုလည်း သတင်းအချက်အလက် နည်းပညာသုံးစနစ်များဖြစ်ပေါ်လာစေရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဌာနအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များကို လူပုဂ္ဂိုလ်ကိုယ်တိုင်ထိတွေ့ပါဝင်၍ လုပ်ဆောင်ရသောစနစ် (Manual System) မှ သတင်းအချက်အလက်နည်းပညာသုံး အလိုအလျောက်လုပ်ဆောင်မှုစနစ် (Automatic System Based IT) ကို ပြောင်းလဲအသုံးပြုရာတွင် စိန်ခေါ်မှုများစွာ၊ အခက်အခဲများစွာ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ ထို့အတူ ထီကံစမ်းလေ့ရှိသည့် အများပြည်သူ အဆင်ပြေလွယ်ကူစေရေးအတွက် စနစ်သစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့ခဲ့ရသည့် ထီလက်မှတ်ရွေးချယ်ခြင်း၊ ထီလက်မှတ်ဝယ်ယူမှုအတွက် ငွေပေးချေခြင်း၊ မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် ချိတ်ဆက်ခြင်းတို့တွင် ညှိနှိုင်းလုပ်ဆောင်ခဲ့ရသည့် အခက်အခဲများစွာလည်း ရှိသည်။

မည်သို့ပင်ဆိုစေကာမူ ယခုအခါ အီလက်ထရွန်နစ်နည်းလမ်းဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ၂၀၂၃ ခုနှစ် မေ ၂၃ ရက်တွင် စတင်လုပ်ဆောင်နိုင်ပြီဖြစ်သလို ဝင်ငွေခွန်ကြေညာလွှာများ၊ လစာနှစ်ချုပ်စာရင်းများ၊ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာများ အစရှိသည့် အခွန်ကြေညာလွှာများကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် တင်သွင်းနိုင်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် အခွန်ငွေပေးဆောင်နိုင်ခြင်းများကိုလည်း လုပ်ဆောင်နိုင်ပြီဖြစ်သည်။

**အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် စတင်ဖြစ်ပေါ်လာခြင်း**

၂၀၂၃ ခုနှစ် ဇွန် ၈ ရက်တွင် ကျင်းပပြုလုပ်သည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် စတင်ခြင်းဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းမှ ကောက်နုတ်တင်ပြရလျှင် "အောင်ဘာလေ အွန်လိုင်း သိန်းဆုထီစနစ် စတင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ထီကံစမ်းသူ မိဘပြည်သူများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနမှာ လက်ရှိကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ရောင်းချသည့်စနစ်ကိုအသုံးပြု၍ ထီလက်မှတ်များ ဝယ်ယူခြင်းအပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် သတ်မှတ်ဈေးနှုန်းများအတိုင်း လွယ်ကူစွာ ထီကံစမ်းမှုပြုလုပ်နိုင်ရေး အောင်ဘာလေမိုဘိုင်းအက်ပလီကေးရှင်း (Aung Bar Lay Application) ကို အသုံးပြု၍ ထီလက်မှတ်များ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းကို တရားဝင်စတင်အသုံးပြုနိုင်ပြီဆိုသည်ကို သိရှိစေလိုသည့်အတွက် ကျင်းပပြုလုပ်ခြင်း" ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် အများပြည်သူ အဆင်ပြေချောမွေ့စွာ ထီကံစမ်းမှုပြုလုပ်နိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနသည် အီလက်ထရွန်နစ်အသုံးပြု အောင်ဘာလေထီ (E-Lottery) စနစ်တစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ထိုစဉ်အချိန်က လွှတ်တော်များတွင် အကြိမ်ကြိမ်တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်မှုအပိုင်းကို မရောက်ရှိခဲ့ပါ။

၂၀၂၀ ပြည့်နှစ်အစပိုင်းကာလများတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ကူးစက်ပျံ့နှံ့လာခဲ့ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများစွာကို ထိခိုက်စေခဲ့ပြီး အောင်ဘာလေသိန်းဆုထီ ရောင်းချမှုကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကပ်ရောဂါကာလအတွင်း အောင်ဘာလေသိန်းဆုထီ လက်မှတ်များ ရောင်းချရာတွင် ရောင်းချ၍မရမှုများ၊ ထီလက်မှတ်များပိုလျှံမှုများကြောင့် ထီဆုခွဲဝေမှုဆိုင်ရာ အခက်အခဲများဖြစ်ပေါ်ခဲ့ရသည်။ အခြားတစ်ဖက်တွင်လည်း ကပ်ရောဂါကာလအတွင်း အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာတင်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် အစည်းအဝေးများပြုလုပ်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ယူခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေခြင်းအစရှိသည့် ဒစ်ဂျစ်တယ်နည်းပညာအသုံးချလုပ်ငန်း လုပ်ဆောင်မှုများတွင်ကျယ်လာသည်ခဲ့ကို တွေ့မြင်နိုင်သည်။

သို့ဖြစ်ရာ ပြည်တွင်းအခွန်များဦးစီးဌာနသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် မိုဘိုင်းအက်ပလီကေးရှင်းသုံး အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် ပေါ်ပေါက်လာစေရေး အထက်အဆင့်ဆင့်သို့ တင်ပြ၍ စတင်အကောင်အထည်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

**အများပြည်သူ အဆင်ပြေလွယ်ကူစေသည့် ထီကံစမ်းမှုနည်းလမ်းသုံးမျိုး**

ယခုအခါ ပြည်တွင်းအခွန်များဦးစီးဌာနသည် ထီကံစမ်းလေ့ရှိသည့် မိဘပြည်သူများ အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်စေရေးအတွက် ရည်ရွယ်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် စတင်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သလို ထို့အတူ လက်ရှိကျင့်သုံးလျက်ရှိသော ထီလက်မှတ်များ ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်ကိုလည်း ဆက်လက်ကျင့်သုံးမည်ဖြစ်သည်။

ထီကံစမ်းလေ့ရှိသူ မိဘပြည်သူများအနေဖြင့် ကျေးလက်နှင့် မြို့ပြကွာခြားမှုနည်းပါးစွာဖြင့် ထီကံစမ်းမှုကို နည်းလမ်းသုံးမျိုးဖြင့် လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။ **ပထမနည်းလမ်း**မှာ ယခင်ကလို အောင်ဘာလေသိန်းဆုထီအရောင်းဆိုင်များသို့ သွားရောက်၍ ထီလက်မှတ်များကို မိမိစိတ်ကြိုက်ရွေးချယ် ဝယ်ယူကံစမ်းနိုင်ခြင်းဖြစ်သည်။ **ဒုတိယနည်းလမ်း**မှာ အောင်ဘာလေမိုဘိုင်းအက်ပလီကေးရှင်း (Aung Bar Lay Application) ကို အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ထီကံစမ်းမှုပြုလုပ်နိုင်ခြင်းဖြစ်သည်။ **တတိယနည်းလမ်း**မှာ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဆိုက် (www.ird.gov.mm) (သို့မဟုတ်) https://aungbaronline.ird.gov.mm/ သို့ ဝင်ရောက်၍ ထီကံစမ်းမှုပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။

**မြို့ပြနှင့် ကျေးလက်ရှိ မိဘပြည်သူများအနေဖြင့် ထီလက်မှတ်များကို အဆင်ပြေလွယ်ကူစွာ ရွေးချယ်ကံစမ်းနိုင်စေရန်အတွက် "က" မှ "စ" အထိ အက္ခရာခြောက်လုံးကို ထီလက်မှတ်များ ပုံနှိပ်ထုတ်ဝေဖြန့်ဖြူးပေးခြင်းဖြင့်လည်းကောင်း၊ "ဆ" မှ "ဌ" အထိ အက္ခရာခြောက်လုံးကို အွန်လိုင်းထီလက်မှတ်များအဖြစ်လည်းကောင်း ခွဲခြားသတ်မှတ်ပေးထားသည်။**

၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် ကျင်းပပြုလုပ်မည့် (၅၂) ကြိမ်မြောက် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲတွင် အထက်ဖော်ပြပါနည်းလမ်းများဖြင့် ထီကံစမ်းဝယ်ယူမှုများအားလုံး၏ ၇၀ ရာခိုင်နှုန်းကို ဆုမဲအဖြစ် ပြန်လည်ခွဲဝေပေးသွားမည်ဟု သိရှိရပြီး အမြင့်ဆုံးဆုငွေမှာ ငွေကျပ်သိန်း ၅၀၀၀ (သိန်းငါးထောင်) ဖြစ်ကာ အနိမ့်ဆုံးဆုငွေမှာ ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) ဟု သိရသည်။ ထီလက်မှတ်ဝယ်ယူကံစမ်းသည့် မိဘပြည်သူများအနေဖြင့် ပေါက်မဲနံပါတ်ကို ယခင်ကလို နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည့် ထီပေါက်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ပြီး အောင်ဘာလေမိုဘိုင်း အက်ပလီကေးရှင်း အသုံးပြုသူများအနေဖြင့် ပေါက်မဲများကို SMS ရရှိခြင်း (သို့မဟုတ်) မိုဘိုင်းအက်ပလီကေးရှင်းတွင် ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်မည်ဖြစ်သည်။

အောင်ဘာလေသိန်းဆုဌာနခွဲ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ် ဇွန် ၁ ရက်မှ ၁၂ ရက်အထိ ရောင်းချပြီး ထီအုပ်ရေစုစုပေါင်းမှာ ၄၂၆၄၉၆ အုပ်ရှိပြီး ထီစောင်ရေအားဖြင့် စုစုပေါင်း ၄၆၉၁၃၄၅၆ စောင်ရှိပြီဖြစ်ကြောင်းနှင့် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်စတင်ခဲ့သည့် ၂၀၂၃ ဇွန် ၈ ရက် တစ်နေ့တာအတွင်း အွန်လိုင်းမှ ထီကံစမ်းဝယ်ယူမှုမှာ စောင်ရေ ၉၄၄၈ စောင်ရှိပြီး ဇွန် ၈ ရက်မှ ၁၂ ရက် မွန်းတည့် ၁၂:၀၀ နာရီအထိ ငါးရက်တာကာလအတွင်း အွန်လိုင်းမှတစ်ဆင့် ထီကံစမ်းဝယ်ယူမှုမှာ စုစုပေါင်းစောင်ရေ ၄၈၁၃၆ စောင်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်းသည် ပြောင်းလဲမှုအစဖြစ်စေသည့်အပြင် အများပြည်သူ ပိုမိုကျယ်ပြန့်စွာ ထီကံစမ်းမှုပြုလုပ်နိုင်စေရေး နည်းလမ်းအသစ်များ ရှာဖွေလုပ်ဆောင်လျက်ရှိသည့်အတွက် အောင်ဘာလေ ထီကံစမ်းမှုပြုလုပ်ရာတွင် ပိုမိုလွယ်ကူစွာ ရွေးချယ်နိုင်မည့် နည်းလမ်းသစ်များ ထပ်မံထွက်ပေါ်လာဦးမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ထီလက်မှတ်ဝယ်ယူကံစမ်းသည့် မိဘပြည်သူများအနေဖြင့် ပေါက်မဲနံပါတ်ကို ယခင်ကလို နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည့် ထီပေါက်စဉ်ဖြင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ပြီး အောင်ဘာလေ မိုဘိုင်းအက်ပလီကေးရှင်း အသုံးပြုသူများအနေဖြင့် ပေါက်မဲများကို SMS ရရှိခြင်း (သို့မဟုတ်) မိုဘိုင်းအက်ပလီကေးရှင်းတွင် ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်မည်ဖြစ်သည်**



## မကွေးပညာရေးဒီဂရီကောလိပ်၌ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မကွေး ဇွန် ၁၈**

၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မကွေးပညာရေးဒီဂရီကောလိပ်၊ မူးယစ်ဆေးဝါးကာကွယ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့နှင့် လူကုန်ကူးမှုကာကွယ်တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က မကွေးပညာရေး ဒီဂရီကောလိပ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဦးစွာ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်လှိုင်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးကာကွယ်တားဆီးနှိမ်နင်းရေး တပ်ဖွဲ့မှ ရဲမှူးမျိုးကြည်က အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများ၊ မူးယစ်ဆေးဝါးပြဿနာ၏ အရေးကြီးပုံ၊ မူးယစ်ဆေးဝါး တားဆီး ကာကွယ်ရေးဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များနှင့် ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့် အချက်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက "ရှောင်လေဝေးဝေး မူးယစ်ဆေး" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ခဲ့ပြီး လူကုန်ကူးမှု ကာကွယ်တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူး ကျော်လင်းက လူကုန်ကူးမှု ကာကွယ် တားဆီးရေးဆိုင်ရာ သိကောင်းစရာများ၊ လက်ရှိကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဆိုင်ရာ ဖြစ်စဉ်များ၊ လူကုန်ကူးမှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် လူကုန်ကူးမှု ဖြစ်ပွားလာပါက ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မကွေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနမှူး ဆရာ ဆရာမများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီ အသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ပြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

❖ ကျော့ဖုံးမှ

ရှေးဦးစွာ စိန်ခေါ်ပွဲစဉ်များအဖြစ် နိုင်အောင်ရှင်(Lethwei Warriors) နှင့် ဒေါင်းဖြိုးဝေ (ဒေါင်းဖြိုးဝေ) တို့ပွဲစဉ်တွင် နှစ်ဦးစလုံး ဖွင့်ထိုးခဲ့ကြပြီး နိုင်အောင်ရှင်၏ ပြင်းထန်အားပါသော လက်သီးထိုးချက်များကြောင့် ဒေါင်းဖြိုးဝေမှာ ဒုတိယအချီနှင့် တတိယအချီတို့တွင် အမှတ်စဉ်ရေတွက်ခံရပြီး တတိယအချီတွင် အနားတောင်းခဲ့ကာ နိုင်အောင်ရှင်၏ လက်သီးချက်ကြောင့် တတိယအချီမှာပင် ဒေါင်းဖြိုးဝေ အရှုံးပေးခဲ့ရသည်။

နောက်တစ်ပွဲဖြစ်သည့် ဟံသာဝတီ (Lethwei Warriors)နှင့် စောကော်ထူး(ရွှေဘားလား)တို့ ယှဉ်ပြိုင်ရာတွင် နှစ်ဦးစလုံး ခြေကန်ချက်များကို အားပြုထိုးသတ်ကြပြီး ဟံသာဝတီ ဒူးတိုက်ချက်များကြောင့် တတိယအချီတွင် စောကော်ထူး အမှတ်စဉ်ရေတွက်ခံရပြီး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် ဟံသာဝတီက တတိယအချီ ၁ မိနစ် ၃၄ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် စကိုင်းနက်ရွှေအောင်လံ ဗိုလ်လုပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ထိုးသတ်ရာ ၅၇ ကီလိုတန်းတွင် သွေးလင်းထက် (ဒေါနတောင်ခြေ)နှင့် လှိုင်းထက်အောင်(ရွှေကုက္ကို)တို့ ပွဲစဉ်တွင်ပထမအချီ၌ တစ်ယောက်အမှားတစ်ယောက် စောင့်ထိုးခဲ့ကြပြီး ဒုတိယအချီမှစတင်၍ သူတင်ကိုယ်တင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သဖြင့် ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ နောက်အချီများတွင် သွေးလင်းထက်က အသာစီး ရယူထိုးသတ်ခဲ့ပြီး ငါးချီအထိ အနိုင်အရှုံးမပေါ်ဘဲ ဒိုင်သုံးဦးက အမှတ်ဖြင့် သွေးလင်းထက်ကို အနိုင်ပေးလိုက်သည်။

ထို့အတူ ၆၀ ကီလိုတန်းတွင် ကျောက်ခဲ (ရာမညအားမာန်)နှင့် သန့်ဇင်(တော်ဝင်ရော) တို့ ပွဲစဉ်တွင် ဘတစ်ပြန် ကျားတစ်ပြန် ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြပြီး သန့်ဇင်၏ ခြေကန်ချက်များကြောင့် လေးချီမြောက်တွင် ကျောက်ခဲ အမှတ်စဉ်ရေတွက်ခံရကာ ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် သန့်ဇင်က အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် စိန်လုံးချော (အောင်နိုင်သူ)၏ ခြေကန်ချက်ကြောင့် ပထမအချီ ၁ မိနစ် ၈ စက္ကန့်၌ ဝီလျှံ(ဒို့ရိုးရာ) အနားတောင်းခဲ့ရသည်။ ကျန် ၁ မိနစ် ၂ စက္ကန့် ဖြည့်ထိုးခဲ့ရာ ပထမအချီမှာပင် စိန်လုံးချော လက်သီး၊ ခြေကန်များကြောင့် ဝီလျှံကို အလဲထိုးနိုင်ခဲ့သည်။

ဆက်လက်၍ ၆၇ ကီလိုတန်းတွင် အဖိုးသွေး(အဖြူရောင်သွေးသစ်)နှင့် ထက်နိုင်အောင်(ပင) တို့ ယှဉ်ပြိုင်ထိုးသတ်ကာ ပထမ၊ ဒုတိယအချီ၌ အဖိုးသွေးက ထက်နိုင်အောင်ကို အသာစီးရခဲ့သည်။ တတိယအချီမှ ပဉ္စမအချီတွင် ထက်နိုင်အောင်က အဖိုးသွေးကို လက်သီး၊ ခြေကန်ချက်များကြောင့် ပြန်လည်အသာစီးရခဲ့ပြီး ဒိုင်သုံးဦးက အမှတ်ဖြင့်ဆုံးဖြတ်ကာ ထက်နိုင်အောင်ကို အနိုင်ပေးလိုက်သည်။ ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**



မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲတွင်အနိုင်ရရှိသည့် ဟံသာဝတီ၊ သန့်ဇင်၊ စိန်လုံးချော၊ ထက်နိုင်အောင်တို့ ဆုယူအပြီးတွေ့ရစဉ်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၁၀ ကျပ် | ၁၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၉၀ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၅ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၆၈ | ၅၃၉၀၀၀ |
| MTSH | ၂၉၅၀ | ၂၉၀၀ | ၂၈ | ၈၁၃၀၀ |
| MCB | ၇၃၀၀ | ၇၂၀၀ | ၁၂ | ၈၆၆၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၇၁၀ | ၂၅၆၅၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၉ | ၇၂၅၀၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၁၃ | ၃၂၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  ဇွန်  ၁၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ဘွတ်ကြီးကျေးရွာနေသူများဖြစ်ကြသည့် အောင်သူရိန်(ခ)အောင်သင်း၊ အောင်ခန့်ဝေ (ခ)ငဖောင်ရိုးနှင့် မဲကင်းကုန်းကျေးရွာနေ ကျော့ကျော့ခိုင်(ခ) ကျော့ခိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Aung Thin” Facebook အကောင့်၊ “Aung Khant Wai” Facebook အကောင့်နှင့် “Kyawt Khaing” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးမြို့နယ်နှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၈**

ကလေးမြို့နယ်နှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၇ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ကလေးမြို့နယ် တောင်ကွဲကျေးရွာအုပ်စု ပထမကျေးရွာ အနီးတွင် ကျော်ဝင်းအား မသင်္ကာ ဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ဇွန် ၁၆ ရက် ညနေ ၆ နာရီတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာ ရပ်စောက်-နောင်ချိုသွားကားလမ်း ဒုဋ္ဌဝတီ တံတားတွင်သက်ဝေစိုးမောင်နှင့်ပြီး လှဝင်းမြင့် လိုက်ပါလာသော Honda Insight အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**





## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၈**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၅၃ လမ်း၊ ၁၂၆ လမ်းနှင့် ၁၂၇ လမ်းကြားရှိ ဝင်းကျော်စိုး(ခ)ခန့်စိုး ၏ နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၅၀၀ တန်ဖိုးရှိ ပလတ်စတစ် ဆပ်ပြာခွက် ၂၂၀၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲတွင် မန္တလေးမြို့ ၄၂ လမ်းနှင့် ၁၀၁ လမ်းကြားရှိ ဟိုတယ်တွင် ရှမ်းပြည်နယ်မှ သယ်ဆောင်လာသည့် ဘိန်းဖြူများ ဖမ်းမိနေအိမ်တွင် သိုလှောင်ထားရှိပြီး ကချင်ပြည်နယ်သို့ သယ်ဆောင် ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ မနာဝ(ခ)ဂျူးမေအား ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး **(အပေါ်ပုံ)** ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ ချပြသတင်းအရ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် ရှောင်ကွင်းလမ်းတစ်နေရာ၌ ဘုရားကြီး နယ်မြေရဲစခန်းမှ ဒု-ရဲအုပ်တစ်ဦး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မော်တော်ယာဉ်တစ်စီးအား စိစစ်၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်ပေါ်မှ တရားဝင်စာရွက်စာတမ်း ပြည့်စုံစွာတင်ပြနိုင်ခြင်း မရှိသော T.W Tweezers အခု ၉၆၀၀၊ ရေခဲသေတ္တာတွင် အသုံးပြုသည့် LG Rotary Compressor အလုံး ၈၀၊ Sunition ဖာ ၇၀၊ KORINUS Korean Rice Cake ဖာ ၁၀၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၄၄၀၀၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်သော Hyundai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၃၄၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇွန် ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့စဉ် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အကျော်ရှိ ရွှေဝတ်ရည် ထမင်းဆိုင်အတွင်း ရပ်နားထားသည့် မော်တော်ယာဉ် တစ်စီးအားစိစစ်၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီး ဌာနမှူးရုံးသို့ ခေါ်ယူပြီး ပူးပေါင်းအဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်ပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Plastic Resin Chlorinated Polyethy-lene ကီလိုဂရမ် ၂၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၃၁၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၁၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တနိုင်းမြို့ အဝင်/အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တနိုင်းမြို့မရဲစခန်းမှ ဒု-ရဲအုပ်တစ်ဦး ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ဘက်မှ တနိုင်းမြို့သို့ မောင်းနှင်လာသော လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Nissan AD Van နှစ်စီး၊ Toyota Ipsum နှစ်စီး၊ Toyota Probox နှစ်စီး၊ Mitsubishi Pajero တစ်စီးနှင့် Toyota Noah တစ်စီး စုစုပေါင်းမော်တော်ယာဉ်ရှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပြည်ပ (ထွက်ခွာ)ဂိတ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘန်ကောက်သို့ ထွက်ခွာမည့် ခရီးသည်တစ်ဦး၏ ခရီးဆောင်အိတ်အတွင်းမှ တင်ပို့ခွင့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် DJI Mini 3 Pro Drone တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၄၅၆၅၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာနံ့စေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံ့စေတီ ၁ ဆူ(ပိဋကတ်ထုပ် မြန်မာပါဠိနှင့် နိမ်နံအင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၉ ဆူ | ၇၂၉ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၈၀)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၁၃ သိန်း | ၄၀၈၈၇ သိန်း |
| ၃။ | ဘုရားရှင်(၅၄×၃၀×၃၂)ပေ | ၂၉၇၁.၀၀ | ၆ | ၆ | - |
| ၄။ | ဓမ္မာရုံ(၄၈×၂၄×၂၂)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | ဆွမ်းစားဆောင်(၇၂×၃၀×၇၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | စက်လှေကားလှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၇၇၇.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၃,၂၈၄.၃၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၅.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအဝိုင်းမြောင်းနှစ်ခန်း(၁၀ ပေ x ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာ့ရာဇဝင်လက်ရာ ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၇ ခန်း | ၉၇ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ တောင်တိုင်(ကျောက်မြန်မာ့ပေါ်) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း မိန်းတောင်ဝင်ပေါက်ကနုတ်ပန်း (ကျောက်မြန်မာ့ပေါ်) | ၇.၀၀ | ၆၅၂ ခု | ၀၅၅ ခု | ၅၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၃၉.၁၅ ကျင်း | - | ၇၇၃၉.၁၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာ့) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထူခင်းခြင်း | ၆.၅၀ | ၈၄၃၃ ကျင်း | - | ၈၄၃၃ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂၇၃၁၀.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၈.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအပြင်ပတ်လမ်းလျှောက်ခြင်းကျောက်ပြားခင်းလုပ်ငန်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၇၅၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၇၅၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်အပိုင်း(၆၄၈၂ စပေ) | ၁၅၉၄.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်အပိုင်း(၅၇၇၂ စပေ) | ၁,၃၀၈.၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇၁.၆၅ ကျင်း) | ၈.၅၀ | ၃၁၇၁.၆၅ | - | ၃၁၇၁.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၁၈.၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၅၀.၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၈.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေခွင်းမြောင်းနှစ်ခန်း(၁၂ ပေ x ၁၇၈ ပေ) | ၂၀၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် နိမ်နံအင်္ဂလိပ် ၂ မျက်နှာစီ)(Creamy Paper) လှူဒါန်းနိုင်ရေး(၅၇ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၃၈၆ စုံ | ၆၁၄ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် နိမ်နံအင်္ဂလိပ် ၂ မျက်နှာစီ)(Bibble Paper) လှူဒါန်းနိုင်ရေး(၅၇ ကျမ်း(၄၀ အုပ်))တစ်စုံလျှင် | ၂၈.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၄၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေဝ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၀၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၈၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ အီး-၁)၊ မြေကွက်အမှတ်-(၅၉-ပီ-၂အေ)၊ မြေဧရိယာ-(၀.၀၄၀)ဧက ၊ အကျယ်အဝန်းရှိ ဂရန်ရှိမြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်-၃၄-D 1 ၊ စမ်းရေတွင်းလမ်း၊ သာသနာ့ရိပ်သာ-ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဒေါ်ဖြူဖြူဝင်း(၁၂/ကမရ(နိုင်)၀၁၀၀၄၄) ထံမှ (၁၅.၃.၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ် စရံပေးကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ပြန်လည်ရောင်းချခွင့် ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးအောင်မြင့်သူ (ခ)မင်းသက္က (ဘ) ဦးသာအောင် (၉/ညဥန(နိုင်)၂၀၈၃၇၇)၊ အမှတ်-၁၁၄ မြေညီထပ်(၃၄) လမ်းအလယ် (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်၊** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်၊** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၇၁၄၃၃** | **ရန်ကုန်မြို့။ ဖုန်း၊ ၀၉၂၅၄၄၈၈၃၃၀** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**သန်လျင်ခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၄**

| | | |
|---|---|---|
| **Strategic Development International Holding Co., Ltd. (၎င်းကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ဦးထွန်းလင်းဦး)** | **နှင့်** | **၁။ ဦးဝင်းတင် ၂။ ဦးကိုကိုနိုင် ၃။ ဒေါ်မြသက်နှင်း ၄။ ဒေါ်အေးအေးအောင်(ခ) ဒေါ်အေးအေးသင်း** |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ဘုရားကုန်း(စက်မှုလယ်ယာ) ဝန်ထမ်းအိမ်ရာနေ ဦးဝင်းတင်(ယခုနေရပ်လိပ်စာမသိ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ သမာဓိလမ်း၊ အမှတ်-၁၅(က)နေ ဒေါ်အေးအေးအောင်(ခ)ဒေါ်အေးအေးသင်း(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ''ကျူးကျော်သူများအား နှင်ထုတ်၍ မြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦများအား ဖယ်ရှားဖျက်သိမ်းပေးစေလိုမှု'' ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၂၆)ရက် (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၉)ရက်နေ့ မွန်းမတည့်မီ နံနက်(၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချိုချိုမြတ်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**သန်လျင်ခရိုင်တရားရုံး**

## ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform (Direct to Home)စနစ်တွင် DTH Free to Air ရုပ်သံလိုင်း ထည့်သွင်းထုတ်လွှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် Expression of Interest (EOI) အဆိုပြုလွှာအောင်မြင်သူများအား Request For Proposal (RFP) တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်၏ ပုဂ္ဂလိကမီဒီယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ MRTV DTH Platform (Direct to Home) စနစ်တွင် Standard Definition(SD) နှင့် High Definition (HD) ရုပ်သံလိုင်းများ ထည့်သွင်းထုတ်လွှင့်ခြင်းလုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ခွင့်ပြုမည်ဖြစ်သဖြင့် ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား Expression of Interest (EOI) တင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ရာ EOI အဆိုပြုလွှာတင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ EOI အဆိုပြုလွှာ တင်သွင်းခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ပါအဆိုပြုချက်များပါဝင်သည့် Request For Proposal (RFP) အား ၃၀-၆-၂၀၂၃ရက် သောကြာနေ့ နောက်ဆုံးထား၍မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော် (တပ်ကုန်း)၊ ဖုန်း-၀၆၇-၈၀၇၉၁၀၉၃၊ ၀၆၇-၈၀၇၉၀၈၇၊ ၀၆၇-၈၀၇၉၃၉၅၊ Email–kyawnyar193mrtv@gmail.com တို့သို့ (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ Email မှဖြစ်စေ ဆက်သွယ်ပေးပို့ရမည်ဖြစ်ပါသည်–

(က) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး ဖန်တီးမှုဆိုင်ရာ အဆိုပြုချက် (Creativity / Content Production Capability)

(ခ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး စီးပွားရေးဆိုင်ရာအဆိုပြုချက် (Commercial Capability)

(ဂ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး နည်းပညာဆိုင်ရာ အကြံပြုချက် (Engineering Technical Capability)

(ဃ) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး မီဒီယာအဖွဲ့အစည်းဆိုင်ရာ အဆိုပြုချက် (Professional Media Organizational Capability)

(င) ရုပ်သံလိုင်းရိုက်ကူးထုတ်လုပ်ရေး ပြည်သူ့မီဒီယာအကျိုးပြုဆိုင်ရာ အဆိုပြုချက် (Public Service Media)

၃။ Request For Proposal (RFP) အဆင့် တင်သွင်းလာသည့် အချက်အလက်များအပေါ်မူတည်၍ ရုပ်သံထည့်သွင်းထုတ်လွှင့်ခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**MRTV DTH Platform (Direct to Home) စနစ်တွင် ရုပ်သံလိုင်းများ ထည့်သွင်းပြသခွင့်ပြုနိုင်ရန် စိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်ပြောင်း

မကွေးမြို့၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–11 မှ မမေသရဖီကျော် ၉/တကန(နိုင်)၂၃၆၄၇၈ အား မမေသဉ္ဇာခိုင်ကျော် ဟု ပြောင်းလဲခေါ်ပါရန်။

## အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊အကွက်အမှတ်(၃၈-ဖက်တန်း)၊ ဦးပိုင်အမှတ်(၅၄/တ/၅)၊ မြေဧရိယာ(၀.၁၃၉)ဧကအနက်မှ မြေပုံပေါ်တွင်(E)အမှတ်ပြ ဧရိယာ(၀.၀၀၄)ဧကရှိဘိုးဘပိုင် မြေကွက်အား မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မှတ်ပုံတင်(၁-က)စာရင်းတွင် AC ပီပရီး အမည်ပေါက်ကာ ၎င်း၏အမွေဆက်ခံသူများထံမှ ဦးဆန်းဦးက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၆၆/၂၀၁၂)အရဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊အကွက်အမှတ်(၃၈-ဖက်တန်း)၊ ဦးပိုင်အမှတ်(၅၄/ ၃ / ၃)၊ မြေဧရိယာ(၀.၀၁၃)ဧကရှိဘိုးဘပိုင်မြေကွက်အား မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မှတ်ပုံတင်(၁-က)စာရင်းတွင် ဆာရာဘီဘီ(ခ)မမြင့်မြင့်စိန်၊ မယ်ရယ်ဘီ(ခ)မမူနီအမည်ပေါက်ကာ ၎င်းတို့ထံမှ ဦးဆန်းဦး က မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၆၆/၂၀၁၂)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။အထက်ပါမြေကွက်နှစ်ကွက်အား ဦးဆန်းဦး ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်-၃၆၀/၂၀၂၂နှင့် ၃၆၁/၂၀၂၂တို့ဖြင့် ဦးခင်မောင်အေးနှင့် ဒေါ်မော်မော်အေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၁၅/ဘိုးဘ/၂၀၂၃-၂၀၂၄နှင့် ၀၁၆/ဘိုးဘ/ ၂၀၂၃-၂၀၂၄ အရ မူလအမည်ပေါက်သူ ACပီပရီး နှင့် ဆာရာဘီဘီ(ခ)မမြင့်မြင့်စိန်၊ မယ်ရယ်ဘီ(ခ)မမူနီအမည်မှ ဦးခင်မောင်အေး နှင့် ဒေါ်မော်မော်အေးတို့၏ အမည်သို့ အမည်ပြောင်းလဲခွင့်လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်အမည်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ(၁၅)ရက် အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇.၁.၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**
**ဖုန်း- ၀၉-၄၂၅၃၆၃၈၈၅**

## အင်္ဂလိပ်အက္ခရာဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7140 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၅/မကန(နိုင်)၀၅၉၁၁၃ မှ အင်္ဂလိပ်အက္ခရာဖောင်းကြွပျောက်နံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၉၀၉၅၉၊ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ စိန်ရွှေရောင်ပြည့် ကုမ္ပဏီလီမိတက် က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/65763, SHINBO–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဆက်ပိုင် ၉/အမဇ(နိုင်)၀၅၈၃၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/12701, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုမာ ၉/ပဥလ(နိုင်)၀၁၀၅၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/7394, Toyota Kluger Acu 26, S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးရာပိုင် ၈/မမန(နိုင်)၀၇၃၆၂၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၄၄၄၊ ၄က်ပစ်တောင်)၊ ဦးပိုင်အမှတ်(၃၃၁-ဃ)၊ မြေဧရိယာ ဝ၁ဒသမ ဝ၅၅ ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဒေါ်ရည်ရည်အောင် ၉/ညဥန(နိုင်)၂၀၄၃၉၉ မှ မြေငှားဂရန်(အသစ်)ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညောင်ဦးမြို့နယ်**

## အများသိစေရန် ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၄၄၄၊ ၄က်ပစ်တောင်)၊ ဦးပိုင်အမှတ်(၃၃၁-ဆ)၊ မြေဧရိယာ ဝ၁ဒသမ ဝ၅၅ ဧကအား လူနေထိုင် အသုံးပြုရန်အတွက် ဒေါ်မြဝင်း ၉/ညဥန(နိုင်)၀၀၅၆၂၅ ပါ (၂)ဦးမှ မြေငှားဂရန်(အသစ်)ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညောင်ဦးမြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၁၈၄၅၇၊ TVS(DAZZ)110 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1438 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သောင်း ၉/ဝကတ(နိုင်)၀၄၀၅၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/12884, Honda Scoopy–110, ယာဉ်လက်ဝယ်ရှိသူ Jiafa Group Trading Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၁၊ ၂၊ ၃)အတွင်းရှိ အောက်ဖော်ပြပါမြေကွက်များအား မူလလုပ်ကိုင်ခွင့် ရရှိထားသူများ၏ အမည်ကိုရုပ်သိမ်းပြီး အမွေဆက်ခံသူများ၏ အမည်သို့ပြောင်းလဲခွင့်ပြုရန် တင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်လုပ်ငန်းကော်မတီရုံး (ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်း)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဇုန် အမည် | မြေကွက် အမှတ် | မူလလုပ်ကိုင်ခွင့် ရရှိသူအမည် | ပြောင်းလဲ လျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁ | ၁ | ရှေ့ပြေး-၈၅ | ဦးအောင်သန်းဦး | ဦးမျိုးခန့်ကိုကို |
| ၂ | ၂ | ၄၅၈ | ဗိုလ်ကြီးကျော်ကျော်လင်း | ဦးထွန်းထွန်းဦး |
| ၃ | ၃ | ၂၆၆ | ဒေါ်စိန်ဥက်ထော် | ဒေါ်ခင်မာစု |

**ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီ**
**အတွင်းရေးမှူး – 09-5312595**
**ရုံးအဖွဲ့မှူး – 09-422520300**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**

**မူဆယ်ခရိုင်တရားရုံး**

**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် – ၁၉**

| | | |
|---|---|---|
| ဒေါ်ရွှေစိန် | **နှင့်** | ဦးလွမ်းဒေါင် |
| **တရားလို** | | **တရားပြိုင်** |

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မူဆယ်ခရိုင်၊ မူဆယ်မြို့၊ မန့်ဝိုင်းရပ်ကွက်၊ မဝ-စစနေ ဦးလွမ်းဒေါင်(ဘ)ဦးခေါင်လွမ်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ် ဇူလိုင် ၃ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းထိုက်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မူဆယ်ခရိုင်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးလှမြိုင် ၁၂/သဃက(နိုင်)၀၆၁၃၅၂နှင့် ဒေါ်အမာရီ ၁၂/သဃက(နိုင်)၁၆၁၃၆၃တို့၏သားဖြစ်သူ ဦးဆန်းလွင် ၁၂/ဒဂတ(နိုင်)၀၄၇၉၅၆(ဘ)ဦးလှမြိုင်သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲမှုများစွာဖြစ်အောင် ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် မည်သည့်အကြောင်းအရာမှ ဖြေရှင်းပေးမည်မဟုတ်ပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဆုမွန်သက် (စဉ်-၄၂၈၀၀)**
**အထက်တန်းရှေ့နေ**

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၂၁

**ကွယ်လွန်သူ ဦးမော်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန ကျေးရွာအုပ်စု၊ မုတ်ပုလဲကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးမော်၏ ကျန်ရစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၅၈၇/နတ်ရေကန်)၊ ဦးပိုင်အမှတ် (၅၀/၂)၊ ဧရိယာ ၂.၅၃ ဧကရှိ လယ်မြေပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်အေးဝင်း၊ ဦးဇော်ငြေးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇွန် ၂၀ ရက်(၁၃၈၅ ခုနှစ်၊ ပထမ ဝါဆိုလဆန်း ၃ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမော်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇွန် ၂၀ရက်) (၁၃၈၅ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်စာမထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက် ခဲ့လျှင် ရုံးတော်က ဒေါ်ခင်အေးဝင်း၊ ဦးဇော်ငြေးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ် လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်ဝင်းထူး)
ဒုတိယခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၁၃

**ကွယ်လွန်သူ ဒေါ်လှစိန်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန် ကျေးရွာအုပ်စု၊ မုတ်ပုလဲကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်လှစိန်၏ ကျန်ရစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၅၈၇/နတ်ရေကန်)၊ ဦးပိုင်အမှတ် (၃၈/င)၊ ဧရိယာ ၂.၀၄ ဧကရှိ လယ်မြေပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ငြေးငြေးဝင်း၊ ဒေါ်မြင့်မြင့်သန်းတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဇွန် ၂၀ ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သော ကြောင့် ထိုကွယ်လွန်သူ ဒေါ်လှစိန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုး စီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ ဇွန် ၂၀ရက်) (၁၃၈၅ခုနှစ်၊ ပထမဝါဆိုလဆန်း ၂၀ရက်)၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံ ခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ငြေးငြေးဝင်း၊ ဒေါ်မြင့်မြင့်သန်းတို့၏ လျှောက် လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင် ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်ဝင်းထူး)
ဒုတိယခရိုင်တရားသူကြီး
အမရပူရခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၂)၊ ဦးပိုင်အမှတ်(၁၂)၊၇၂ x၇၃လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်အေး ၉/နထက(နိုင်)၀၀၆၄၄၂ ၏(SP ရသူ ဦးဉာဏ်လင်းထွန်း)က အမည်ပေါက်သူ ဒေါ်တင်တင်အေး၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၎င်းရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၆၅၅/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် ၃^ဒ၊ ဘောမိကြီး ကွင်း၊ ဦးပိုင်အမှတ် (၄၉)၊ မြေမျိုးနှင့် အတန်း- မြို့မြေ (၀.၃၀၀)ကေထဲမှ ၀.၀၃၄ကေအကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းခြံမြေ ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်မြင့် ၇/လပတ (နိုင်)၁၅၅၈၅၂ထံမှ အပိုင်ဝယ်ယူသူ ဦးကိုကိုဒွေး ၇/နတလ(နိုင်)၁၄၄၅၉၄၊ ဒေါ်မေတ္တာမွန် ၇/လပတ(နိုင်)၁၆၅၄၂၈တို့က ပြန်လည်ဝယ်ယူရန် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက် စာတမ်းအထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၃၄/၁၇)**
**LL.B; D.B.L; Dip. in Eng DL-101 WIPO (Switzerland)**
**(၄၅)မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၆၉၆၄၉၁၉၁၉**

## အမည်မှန်

ဦးခွန်မောင်လှိုင်ထွေး ၏ သား ဟိုပုံးမြို့နယ်၊ အထက (ခွဲ) ပေါင်လင်း Grade-10 မှ စိုင်းပြည့်ဖြိုး၏ မွေးသက္ကရာဇ် အမှန်မှာ ၁-၁-၂၀၀၉ ဖြစ်ပါကြောင်း။

**စိုင်းပြည့်ဖြိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/ 57666 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီဦး ၂/ဒမဆ(နိုင်)၀၃၉၀၃၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊လွိုင်ကော်**

